စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# စိမ်းလန်းသော မိသားစုများ

မောင်သာချို



ဒုတိယအကြိမ်

mgyoe.com

ဂီတမရှိတဲ့ အိမ်တွေဟာ
ပတ်ကြားအက်ကြီးတွေနဲ့ တူတယ်ဆိုတာ
တကယ်ပါပဲ သားရယ်။
အဖေရယ် အမေရယ် သမီးရယ် သားရယ်
ကိုယ့်ကိစ္စနဲ့ ကိုယ် ငုတ်တုတ်။
ဆေးလိပ်တစ်တိုနဲ့ ဖြစ်ချင်ဖြစ်မှာပေါ့။
အဝတ်ဟောင်းတစ်ပုံနဲ့ ဖြစ်ချင်ဖြစ်မှာပေါ့။
ဒါမှမဟုတ် ကျောင်းသင်ခန်းစာ တစ်အုပ်နဲ့
ဖြစ်ချင်လည်း ဖြစ်မှာပေါ့။
ဒါပေမယ့် သူတို့မှာ ဂီတမရှိ။
သူတို့အိမ်မှာ ဘာသီချင်းသံမှ မကြားရ။
သွေ့ခြောက်လို့ အုံ့မှိုင်းလို့ ဝါရော်လို့
ကန္တာရတွေလို အစိုဓာတ် တစ်စက်ကလေးမှ မရှိ။
ဖေဖေကတော့ သားရယ် . . .
ကိုယ့်မိသားစုကိုယ် စိမ်းစိမ်းစိုစိုဖြစ်အောင်
လုပ်ရတဲ့နေရာမှာ သီချင်းတွေလည်း လိုတယ်လို့
ထင်နေမိတာပါပဲ သားရယ်။

MTC0002
2,000.00 KS

mgyon.com

mgyoe.com

စိမ်းလန်းသောမိသားစုများ။ မောင်သာချို
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၁၄၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၀ ပြည့်နှစ် စိတ်ကူးချိုချိုစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စိမ်းလန်းသောမိသားစုများ

မောင်သာချို

ဒုတိယအကြိမ်၊ ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အညွှန်းစာ

ပန်းအလင်္ကာမဂ္ဂဇင်းတွင် ၂၀၀၇ မေလမှ စ၍ လစဉ် ဖော်ပြခဲ့သော ဆရာမောင်သာချို၏ "စိမ်းလန်းသော မိသားစုများ" ဆောင်းပါးများကို စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ စာရေးသူ၏ ထင်ရှားသောစာအုပ်ဖြစ်သည့် "သမီးဖတ်ဖို့" လက်ရာများနည်းတူ ဤစာအုပ်ကိုလည်း "သားသို့" ဟု စာရေးသူက ရည်ညွှန်းထားပါကြောင်း။

စိတ်ကူးချိုချို

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သီချင်းတွေနဲ့ အိမ်ကလေး | ၁ |
| ၂။ | ခရီးဆောင်အိတ်တွေနဲ့ အိမ်ကလေး | ၇ |
| ၃။ | ရယ်စရာမောစရာတွေနဲ့ အိမ်ကလေး | ၁၃ |
| ၄။ | အိမ်မွေးတိရစ္ဆာန်တွေနဲ့ အိမ်ကလေး | ၁၉ |
| ၅။ | ပုံရိပ်တွေနဲ့ အိမ်ကလေး | ၂၅ |
| ၆။ | စာအုပ်တွေနဲ့ အိမ်ကလေး | ၃၁ |
| ၇။ | နှီးဒေါင်းလန်းတွေနဲ့ အိမ်ကလေး | ၃၆ |
| ၈။ | အသီးတွေအပွင့်တွေနဲ့ အိမ်ကလေး | ၄၁ |
| ၉။ | မုန့်ပဲသရေစာတွေနဲ့ အိမ်ကလေး | ၄၆ |
| ၁၀။ | အခန်းခန်းအဆောင်ဆောင်တွေနဲ့ အိမ်ကလေး | ၅၀ |
| ၁၁။ | ဟိုးရှေးရှေးတုန်းကတွေနဲ့ အိမ်ကလေး | ၅၄ |
| ၁၂။ | ရုပ်ရှင်လက်မှတ်တွေနဲ့အိမ်ကလေး | ၆၀ |
| ၁၃။ | လမ်းလျှောက်ဖိနပ်တွေနဲ့ အိမ်ကလေး | ၆၅ |
| ၁၄။ | ကစားစရာတွေနဲ့ အိမ်ကလေး | ၆၉ |
| ၁၅။ | အမှတ်တရလက်ဆောင်တွေနဲ့ အိမ်ကလေး | ၇၄ |
| ၁၆။ | အထိအခိုက်အရှအနတွေနဲ့ အိမ်ကလေး | ၇၈ |
| ၁၇။ | ခေါင်းလောင်းထိုးသံ၊ ဆည်းလည်းခတ်သံတွေနဲ့အိမ်ကလေး | ၈၂ |
| ၁၈။ | အရုပ်တွေ၊ အရောင်တွေနဲ့ အိမ်ကလေး | ၈၇ |
| ၁၉။ | ထမ်းပိုးကိုယ်စီ ပခုံးကိုယ်စီနဲ့ အိမ်ကလေး | ၉၂ |
| ၂၀။ | ဓာတ်ရနံ့တွေနဲ့ အိမ်ကလေး | ၉၇ |


mgyoe.com

mgyoe.com
၂၁။ အတီတ်တွေ အရိပ်တွေနဲ့ အိမ်ကလေး ၁၀၁
၂၂။ ဌာန်ကရိုဏ်းကျကျနဲ့ အိမ်ကလေး ၁၀၅
၂၃။ ပေးတတ်သောလက်များနဲ့ အိမ်ကလေး ၁၁၀
၂၄။ ရာဇဝင်တွေ အတ္တုပတ္တိတွေနဲ့ အိမ်ကလေး ၁၁၄
၂၅။ အဆိုတွေ၊ အငိုတွေ၊ အဟဲတွေ၊ အချွဲတွေနဲ့ အိမ်ကလေး ၁၁၈
၂၆။ လူထဲ လောကထဲက အိမ်ကလေး ၁၂၄
၂၇။ မိုးသက်မုန်တိုင်းနဲ့ နွေကန္တာနဲ့ အိမ်ကလေး ၁၂၉
၂၈။ စိတ်ကူးစိတ်သန်းတွေနဲ့ အိမ်ကလေး ၁၃၃
၂၉။ တောင်ခြစ်မြောက်ခြစ်နဲ့ အိမ်ကလေး ၁၃၇
၃၀။ မှတ်တမ်းမှတ်ရာတွေနဲ့ အိမ်ကလေး ၁၄၁

□

mgyoe.com

mgyoe.com

## သီချင်းတွေနဲ့ အိမ်ကလေး

### (တစ်)


သားရေ ...

ငှက်ကလေးတစ်ကောင်တလေရဲ့ တေးဆိုသံကိုမှ မကြားရတဲ့တောလိုပဲ သီချင်းတစ်ပုဒ်တလေရဲ့ အသံဗလံကိုမှ မကြားရတဲ့ အိမ်တွေဟာလည်း တော်တော့်ကို သွေ့သွေ့ခြောက်ခြောက်နိုင်လွန်းလှပါတယ် သားရယ်။ အံ့ဩစရာကောင်းတာက လူ့ဘဝတစ်သက်တာမှာ သီချင်းကလေး တစ်ပုဒ်လောက်ကိုတောင်မှ အစကနေ အဆုံးအထိ ချောချောမောမော မဆိုတတ်နိုင်ခဲ့ဘဲ လူဖြစ်သွားခဲ့သူတွေ ရှိသလို၊ ဘယ်သူ သီဆိုတဲ့ သီချင်းတစ်ပုဒ်ပုဒ်ကိုမှ နားထောင် ခံစားတတ်တဲ့ အလေ့အထမရှိဘဲနဲ့ ထာဝရ တိတ်ဆိတ် ခြောက်ကပ်နေတဲ့ ကန္တာရဆန်တဲ့ မိသားစုတွေလည်း ရှိနေကြတာပါပဲ သားရယ်။

သား မှတ်မိဦးမလား မသိဘူး။ ဖေဖေတို့ အခန်းနဲ့ မလှမ်းမကမ်းက ပါမောက္ခအိမ်ကလေး တစ်လုံးလေ။ ဇနီးသည်နှင့်အတူ သားကလေးက တစ်ယောက် သမီးကလေးက တစ်ယောက်။ သူတို့အခန်းမှာ အသံထွက်စေတဲ့ အရာဆိုလို့ ဘာတစ်ခုမှကို မရှိတာပါသားရယ်။ ရေဒီယို၊ ကက်ဆက်၊ ရုပ်မြင်သံကြား၊ VCDဘာဆို ဘာမှကို မရှိတာပါ သားရယ်။ ဖေဖေအံ့ဩနေမိတာက မဝယ်နိုင်လောက်အောင် ငွေကြေးချို့တဲ့နေလို့ မဝယ်တာမျိုး မဟုတ်ဘဲနဲ့ သီချင်းတို့၊ ဂီတတို့ဆိုတာတွေဟာ လူ့ဘဝအတွက် မလိုအပ်တဲ့ အရာတွေ ပါဆိုတဲ့ အယူအဆမျိုးနဲ့ အမြဲတမ်း တိတ်ဆိတ်ခြောက်ကပ်နေတဲ့ သူတို့ရဲ့ မိသားစုအတွေးအခေါ်ကို ဖေဖေက အံ့ဩနေမိတာပါ။ အချိန်တန်ရင် ရုံးတက်သူတက်၊ ကျောင်းသွားသူသွား၊ ချက်သူချက်၊ ပြုတ်သူပြုတ်၊

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

စားချိန်တန်စား၊ စာဖတ်ချိန်စာဖတ်၊ နောက်တော့ အိပ်ချိန်တန်တဲ့အခါ အမှောင်ထဲမှာ မိသားစုတစ်ခုလုံး အိပ်ပျော်နေကြပုံက ခြောက်ကပ်မာကျောလို့။ ဂီတဆိုတာ အပို ကိစ္စပါလို့ ထင်မှတ်မှားကြတဲ့ မိသားစုတွေထဲက မိသားစု တစ်ခုပါပဲ သားရယ်။

လောကမှာ သီချင်းဆိုသံတွေဟာ တကယ့်ကို မလိုအပ်ဘူးတဲ့လား။ စိမ်းစိုလန်းဆန်းတဲ့ မိသားစုဘဝတွေကို ထုဆစ်ဖို့ စိတ်ကူးရှိတဲ့သူတိုင်း တွေးခေါ်မြော်မြင်ကြည့်သင့်တဲ့ ကိစ္စပါပဲသားရယ်။

## (နှစ်)

အဲလ်ဘတ်အိုင်းစတိုင်း (Albert Einstein) ကို သားသိမှာပေါ့။ ရူပ ဗေဒဆိုင်ရာ နိုဘယ်လ်ဆုရှင်ကြီး၊ ၂၀ ရာစုရဲ့ Man off the century ဉာဏ် ကြီးရှင် လူသားကြီးလေ သားရဲ့။ ၁၈၇၉ ခုမှာ မွေးပြီး ၁၉၅၅ မှာ ကွယ်လွန် ခဲ့ရှာတဲ့ ပုဂ္ဂိုလ်။ အိုင်းစတိုင်းက ဂီတကို တော်တော်ချစ်တာတဲ့ သားရဲ့။ ဂန္တဝင်မြောက် ဂီတစာဆိုကြီးတွေ ဖြစ်ကြတဲ့ ဘက်ချ် (Bach) တို့၊ မိုးဇက် (Mozart) တို့၊ ရှူးဘတ် (Schubert) တို့ကို တော်တော့်ကို ကြိုက်တာတဲ့ သားရဲ့။ ဖေဖေလည်း Time မဂ္ဂဇင်း 31 Dec 99 ထဲမှာ ဖတ်ရတာလေ။ ရူပဗေဒပုစ္ဆာတွေနဲ့ ခေါင်းထဲမှာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာတဲ့အခါ တယော ပြားကလေးပေါ်မှာ ဘိုးတံကို တင်လိုက်တာ သူ့နားခိုရာဆိုပါလား သားရဲ့။ သီချင်းကလေး တစ်ပုဒ်စ နှစ်ပုဒ်စနဲ့ တယောထဲမှာ နစ်မျောသွားပြီးတဲ့နောက် ရူပဗေဒပုစ္ဆာတွေဆီ ပြန်အလာမှာ လူဟာ အသစ်ပြန်ဖြစ်နေတယ်လို့ အဲသည့် ရူပဗေဒသူရဲကောင်းကြီးက ပြောခဲ့တာပဲလေ။ သည်လိုဆိုရင်ဖြင့် ဂီတဆို တာဟာ ဖေဖေတို့ရဲ့ ဉာဏ်ပညာ ခြေကုန်လက်ပန်းကျမှု၊ စိတ်ဓာတ် သွေ့ ခြောက်မှုတွေအတွက် နားခိုရာစခန်းဖြစ်မှာ အမှန်ပဲသားရဲ့။

စာရေးဆရာကြီး ပါရဂူဆိုတာကိုရော သား ကြားဖူးမယ်ထင်ပါရဲ့။ ဖေဖေနဲ့ အင်မတန်မှကိုခင်တဲ့ ပညာရှင်စာရေးဆရာကြီးပေါ့။ Weekly Eleven စာမျက်နှာတစ်နေရာမှာ ဆရာပါရဂူက ရှင်ဇနကာဘိဝံသရဲ့ စကားတစ်ခွန်း ကို ကိုးကားပြီး ပြောဆိုခဲ့ဖူးတယ် သားရဲ့။ အမရပူရ မဟာဂန္ဓာရုံဆရာတော် ရှင်ဇနကာဘိဝံသ (၁၉၀၀–၁၉၇၇)ရဲ့ စကားလေ။ မေရှင်သီဆိုတဲ့ အောင်ခြင်း ရှစ်ပါးသီချင်းဟာ ဘုန်းကြီးတွေ တရားဟောတာထက် သြဇာကြီးတယ်ဆိုတဲ့ စကားလေ။ ဟုတ်တယ် သားရဲ့။ အောင်ခြင်းရှစ်ပါး သီချင်းသံကို ကြားတဲ့

mgyoe.com

mgyoe.com
အခါ ဂေါတမဘုရားရှင်ကို အလိုလိုကို ကြည်ညိုသွားမိတာ။ ဂီတဟာ ဖေဖေတို့ရဲ့ စိတ်တွေကို အလွယ်တကူ ညို့ယူဖမ်းစားထားလိုက်ပြီးတဲ့နောက် ပြုပြင်ပေးနိုင်တာဟာ အမှန်ပါပဲလေ။

အရစ္စတိုတယ် (Aristotle) (Bc-384-322) ဆိုတာဟာ ဂရိတွေးခေါ်ရှင်တွေထဲမှာ ဖေဖေတို့နဲ့ မစိမ်းတဲ့ နာမည်ပါ သားရယ်။ ဂီတနဲ့ပတ်သက်တဲ့ သူ့စကားကိုလည်း ဖေဖေ တော်တော့်ကို သဘောကျမိတယ်။ Mental Catharsis တဲ့။ သည်စကားလုံးကို ဆရာမြသန်းတင့်ရဲ့ မြောက်ဘက်တောင်ကုန်းဒေသမှအပြန် စာအုပ်ထဲမှာ ဖေဖေ တွေ့ခဲ့ဖူးတယ်။ ဆရာမြသန်းတင့်က စိတ်ကို ဆေးကြောသန့်စင်ပစ်တဲ့ အလုပ်လို့ ဘာသာပြန်ထားခဲ့လေရဲ့။ တော်တော့်ကို သဘောကျဖို့ကောင်းတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပေါ့။ဟုတ်တယ်။ သီချင်းတစ်ပုဒ်ပုဒ်ကို ညည်းနေရတာ ဒါမှမဟုတ် အားရပါးရ အော်ဟစ်ပစ်လိုက်ရတာဟာ စိတ်ထဲက အညစ်အထေးတွေကို ဖွပ်လျှော်ပစ်လိုက်ရတဲ့ အတိုင်းပါပဲလေ။

ချစ်သူနဲ့ ကွေကွင်းရလို့ ညစ်ထေးနေတဲ့ စိတ်တွေအတွက် ဆိုစရာ သီချင်းတွေအများကြီး။ ယောက်ျားမှာလည်း အသည်းနဲ့ပါ၊ ချစ်သူဝေးဝေးသွားပါနဲ့လား၊ သည်နွေမိုးဆောင်းပြောင်းသော်လည်း၊ နှမလက်လျှော့နေလေတော့၊ ချစ်သူတိုင်းလည်း ညားကြပါစေ၊ တကယ်လို့ ရွာကိုလွမ်းတယ်ဆိုရင် အမေနဲ့ရွာကို လွမ်းတယ်၊ ဟစ်ပစ်လိုက်ပေါ့။ အညာကို လွမ်းတယ်ဆိုရင်လည်း မွေးဌာနေတို့ မမေ့သောအညာတို့ကို ဆိုပစ်လိုက်ရုံပေါ့။ အမေ့ရဲ့ ကျေးဇူးနဲ့ အမေ့ရဲ့မေတ္တာကို အမှတ်ရတဲ့အခါ ဆိုစရာသီချင်းတွေ တစ်ပုံကြီး။ ထူးအိမ်သင်ရဲ့ ကျေးဇူးပါမေမေ၊ အမေ့ရဲ့ဒုက္ခအိုးလေး၊ မေမေနေကောင်းလား၊ မေမေချစ်တဲ့သားကြီး၊ အမေ့အိမ်၊ အရိပ်စစ် အများကြီးပါသားရယ်။ တရားခံရှာမရတဲ့ ဒေါသတွေအတွက် စိုင်းထီးဆိုင်ရဲ့ နံရံကိုလက်သီးနဲ့ထိုးမိတယ် ဆိုမယ်ကွာ။ ရုန်းဖို့ကန်ဖို့ သတ္တိတွေအတွက် ခိုင်ထူးရဲ့ အားလုံးကို ကျော်ဖြတ်ရမယ် သီချင်းဆိုမယ်ကွာ။ ကျက်သရေရှိတဲ့ မိန်းမတစ်ယောက်အတွက် ခင်မောင်တိုးရဲ့ မဟာဆန်သူ ဆိုမယ်ကွာ။ ကိုယ့် ကိုယ်ကျင့်တရား ကိုယ်ပြန်လေးစားဖို့ ခိုင်ထူးရဲ့ မြတ်သောအကျင့်၊ အမေ့သား ပီသသူအတွက် ဇော်ဝင်းထွဋ်ရဲ့ ကောင်းကင်မေမေ၊ မိသားစုအနွေးဓာတ်အတွက် လက်ရည်တစ်ပြင်တည်း၊ မန္တလေးရတနာပုံ အလွမ်းပြေအတွက် စစ်ကိုင်းတောင်၊ စစ်ကိုင်းတံတား၊ အောင်ပင်လယ်၊ ရွှေမန်းဆီသို့ သီချင်းတွေ သီချင်းတွေ
mgyoe.com

သီချင်းတွေ။ ဖေဖေတို့စိတ်ထဲက မှောင်နေတာတွေ လင်းသွား၊ ရှင်းသွားအောင် တင်းနေတာတွေ ပျော့သွား၊ လျော့သွားအောင် ဆိုစရာသီချင်းတွေက တစ်ပုံကြီး။ ဒါမှမဟုတ် ညည်းဖို့၊ ဒါမှမဟုတ် နားထောင်ဖို့။

VCD စက်ကလေးရှေ့မှာ မိသားစု ဝိုင်းဖွဲ့နားထောင်နေတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ Ear Phone ကလေးနဲ့ တစ်ယောက်တည်း နားထောင်နေတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပဲ။ ကာရာအိုကေစက်ကြီးဖွင့်ကာ အားရပါးရ ရင်ဖွင့်နေတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါမှမဟုတ် မီးပူတိုက်ရင်း၊ အိမ်သိမ်းရင်း၊ ချက်ဖို့ပြုတ်ဖို့ စီမံရင်း၊ အဝတ်လျှော်ရင်း၊ စာရင်းဇယားတွေ ရေးဆွဲရင်း၊ ကောက်စိုက်ရင်း၊ ပျိုးနုတ်ရင်း၊ နွားလှည်းမောင်းရင်း၊ ကားရေဆေးရင်း၊ ဘုရားပန်းအိုးလဲရင်း၊ ဆန်ပြာရင်း၊ စပါးလုံးကောက်ရင်း၊ ညည်းချင်ရင်လည်း ညည်းပေါ့ သားရယ်။ ဘာပဲဖြစ်ဖြစ် မောကြီးပန်းကြီး ဘဝတွေကနေ ခဏခိုနားဖို့၊ ဉာဏ်စွမ်းရည် တစ်ဖန်နိုးထလန်းဆန်းလာစေဖို့၊ စိတ်အညစ်အထေးတွေကို လျှော်ဖွပ်ဖို့ အတိတ်ကို ခဏပြန်သွားဖို့ မိသားစုတိုင်းမှာ သီချင်းတွေလိုတယ် သားရဲ့။

ဂီတတွေနဲ့ပတ်သက်တဲ့ စမ်းသပ်မှုကလေးတွေကို စာမျက်နှာတချို့မှာ ဖေဖေ ဖတ်ခဲ့ဖူးတယ်ကွ။ ပန်းခင်းနှစ်ခင်းရှိတယ်တဲ့။ တစ်ခင်းမှာ ငြိမ့်ညောင်းတဲ့ ဂီတသံတွေကို အမြဲတမ်း ဖွင့်ပေးထားတယ်တဲ့။ ပန်းပွင့်တဲ့အခါ အဲသည့် သီချင်းတွေနဲ့ပန်းခင်းက ပိုပြီးတော့ ပွင့်နေသတဲ့ သားရဲ့။ နောက်တစ်ခါ ဥစားကြက်ခြံ နှစ်ခြံမှာလည်း သည်အတိုင်းပဲ။ တစ်ခြံမှာ သီချင်းတွေ အမြဲတမ်း ဖွင့်ပေးထားခဲ့သတဲ့။ အဲသည့် သီချင်းတွေနဲ့ ကြက်ခြံကပဲ ကြက်ဥတွေ ပိုဥလေသတဲ့။ အခုခေတ် ဆေးသိပ္ပံပညာရှင်တွေက မိခင်လောင်းတွေဟာ ကိုယ်ဝန်ဆောင်ထားစဉ် အချိန်ကတည်းက ငြိမ့်ညောင်းတဲ့ သီချင်းသံကလေးတွေကို နားထောင်သင့်တယ်လို့ ဆိုတာပါပဲ သားရယ်။ နောက်ပြီး ဂီတနဲ့ နေထိုင်တဲ့ ကလေးတွေဟာလည်း ဉာဏ်စွမ်းရည် ပိုထက်မြက်တယ်လို့ လက်ခံနေကြတယ်လေ။

သိဃ်သူဆိုတဲ့ အမတ်ကြီးတစ်ယောက်က ရေးထိုးခဲ့တဲ့ ပုဂံခေတ်က ကျောက်စာတစ်ချပ် ရှိပါသော်ကော သားရဲ့။ သူက သူ့ရဲ့ဆုတောင်းထဲမှာ ဘဝအဆက်ဆက် အိပ်ရာမှနိုးထတိုင်း သာယာငြိမ့်ညောင်းသော ဂီတသံများနဲ့ နိုးထ ထရလိုပါကြောင်း ဆုတောင်းထားခဲ့တယ်လေ။ ဖေဖေ့မိတ်ဆွေ အယ်ဒီတာ ကလေးတစ်ယောက်ဟာ သူ့အလုပ်ခန်းမှာ အမြဲတမ်း သီချင်းတွေ

mgyoe.com
ဖွင့်ဖွင့်ထားတတ်တယ်။ ခပ်တိုးတိုးကလေးပေါ့။ မနက်ခင်းဆိုရင် ရေကင်းသံကလေးတွေ၊ နံနက်ချိန်ခါ တေးသံသာကလေးတွေ၊ ညညတွေဆိုရင် အလွမ်းအဆွေး၊ အအေးသီချင်းကလေးတွေ၊ Mp3 နဲ့ ဖွင့်ထားတာဆိုတော့ သီချင်းနဲ့ အိပ်ပျော်သွားလိုက်၊ သီချင်းနဲ့ နိုးထလာလိုက်၊ ဖေဖေ့စိတ်ထဲမှာ လူဟာ အမြဲတမ်း လတ်ဆတ်ကြည်လင်ကာ နိုးကြွနေသလိုပါပဲ သားရယ်။

## (သုံး)

ဂီတမရှိတဲ့ အိမ်တွေဟာ ပပ်ကြားအက်ကြီးတွေနဲ့ တူတယ်ဆိုတာ တကယ်ပါပဲ သားရယ်။ အဖေရယ်၊ အမေရယ်၊ သမီးရယ်၊ သားရယ် ကိုယ့်ကိစ္စနဲ့ကိုယ် ငုတ်တုတ်။ ဆေးလိပ်တစ်တိုနဲ့ ဖြစ်ချင်ဖြစ်မှာပေါ့။ အဝတ်ဟောင်းတစ်ပုံနဲ့လည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါမှမဟုတ် ကျောင်းသင်ခန်းစာတစ်အုပ်နဲ့ ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ ဒါပေမဲ့ သူတို့မှာ ဂီတမရှိ။ သူတို့အိမ်မှာ ဘာသီချင်းသံမှ မကြားရ။ သွေ့ခြောက်လို့၊ အုံ့မှိုင်းလို့၊ ဝါရော်လို့၊ ကန္တာရတွေလို အစိုဓာတ်တစ်စက်ကလေးမှ မရှိ။

ဖေဖေကတော့ သားရယ် ကိုယ့်မိသားစုကိုယ် စိမ်းစိမ်းစိုစိုဖြစ်အောင် လုပ်ရတဲ့နေရာမှာ သီချင်းတွေလည်း လိုတယ်လို့ ထင်နေမိတာပါပဲ သားရယ်။

❐

mgyoe.com

mgyoe.com

# ခရီးဆောင်အိတ်တွေနဲ့ အိမ်ကလေး


## (တစ်)

သားရေ ...

အချိန်ရရင် ရသလို ခရီးထွက်ဖြစ်တတ်တဲ့ ဖေဖေတို့မိသားစု အခုနှစ် နွေရာသီမှာရော ဘယ်အရပ်၊ ဘယ်ဒေသဆီကို ခရီးထွက်ရရင် ကောင်းမှာပါလိမ့် ဆိုတာကို သားတို့ရဲ့ နောက်ဆုံးပိတ် အတန်းတင်စာမေးပွဲကြီးတွေ မကျင်း ပခင်ရက်တွေကတည်းက မိသားစုဝင်တွေ လူစုံတိုင်း အစီအစဉ် ဆွဲနေခဲ့ကြ လိုက်တာ တော်ကြာနေရင်တစ်မျိုး၊ တော်ကြာနေရင်တစ်မျိုးနဲ့ နွေရာသီ ကျောင်းပိတ်ရက်သာ ရောက်လာပါလေရော သားရယ်။ ပုဂံကို ဖေဖေတို့ ကြိုက်တယ် သားရဲ့။ ဒါပေမဲ့ ပုဂံညောင်ဦး၊ ကျောက်ပန်းတောင်းတစ်ဝိုက် ကို ဖေဖေတို့ တစ်မိသားစုလုံး အကြိမ်ကြိမ်အခါခါ ရောက်ခဲ့ပြီးသား။ ဒါဆို မန္တလေး ပြင်ဦးလွင်ဘက်ကို ဆိုရင်ကော ဆိုတော့ ဒါကလည်း ဖေဖေ တို့ မကြာမကြာ ရောက်တတ်မိကြရာ ဒေသ။ ရှမ်းတောင်တန်းကြီးတွေနဲ့ လွမ်းမောစရာ ကမ္ဘောဇဘက်ကိုလည်း ဖေဖေတို့ စိတ်ကူးမိခဲ့ကြပါသေး တယ် သားရယ်။ ဒါကလည်း ကလောတို့၊ အောင်ပန်းတို့၊ တောင်ကြီးတို့၊ အင်းလေးတို့။ ပင်းတယတို့ဆိုတာတွေဟာ ဖေဖေဆိုရင် အကြိမ်ကြိမ်အလီလီ၊ သားတို့တွေက အနည်းဆုံးတစ်ကြိမ် ထိတွေ့ရင်းနှီးပြီးသား။ နောက်ဆုံး တော့ နီးနီးနားနား ကမ်းခြေကိုပဲ ဖေဖေတို့ ရွေးမိခဲ့ကြပါလေရာ။ ချောင်း သာတဲ့။

ချောင်းသာကိုသွားမယ်လို့ ဆုံးဖြတ်ချက် ကျသွားပြီးတာနဲ့ တစ်အိမ် လုံးကို ကျွက်ကျွက်ညံသွားတော့တာပါပဲ သားရယ်။ ပုစွန်ကင်စားမယ်၊

mgyoe.com



mgyoe.com
ကနုကမာ စားမယ်၊ ကဏန်း စားမယ်၊ ကကတစ်ကင် စားမယ်၊ အုန်းရည် သောက်မယ်၊ သောင်စပ်မှာ ပြေးမယ်၊ ရေကူးမယ်၊ စိတ်ကူးတွေကို စုံလို့၊ ထုံးစံအတိုင်း ခရီးဆောင်အိတ်တွေကို ပြင်ရပြန်ပြီပေါ့။

(နှစ်)

လူတွေဟာ ခရီးသွားဖို့ လိုသလား သားရဲ့။

သည်မေးခွန်းကို ဖေဖေ ကိုယ့်ကိုယ်ကိုယ် မကြာခဏ မေးကြည့်မိ၊ ပြီးတော့ ဖြေဖို့လည်း ကြိုးစားကြည့်ခဲ့ဖူးတယ်။ ဖေဖေတို့ ပတ်ဝန်းကျင်မှာ ကတော့ ကမ္ဘာကိုပတ်ဖို့ ကြိုးစားနေသူတွေ ရှိသလို၊ အိမ်ထဲက အိမ်ပြင်မထွက် သူတွေကလည်း အများသားလေ။

ဟိုးတစ်ခါ ဖေဖေ ပုဂံကို ရောက်သွားတုန်းက ထူးဆန်းတဲ့ ကမ္ဘာလှည့် ခရီးသည် နှစ်ယောက်ကို တွေ့ခဲ့ဖူးတယ်။ အီတလီကတဲ့၊ တော်တော့်ကို အသက်ကြီးကြပါပြီလေ။ အသက် ၇၀ ကျော် ဇနီးမောင်နှံနှစ်ယောက် အမျိုး သမီးကြီးက မျက်စိ မမြင်ရှာဘူး။ ငယ်ငယ်ကတည်းက ကွယ်သွားခဲ့ရှာ တာတဲ့။ သူတို့ကို ဧည့်လမ်းညွှန်လုပ်နေတာက ပုဂံက ဖေဖေ့တပည့် အီတလီစကားပြောသူ။ မြင်းလှည်းကလေးတစ်စီးနဲ့ ထနောင်းပင်ရိပ်မှာနား လိုက်၊ ဘုရားတစ်ဆူပြီးတစ်ဆူ သွားလိုက်၊ တော်ကြာနေ စားသောက်ဆိုင် ကလေးတွေထဲ ဝင်သွားလိုက်၊ တော်ကြာနေ မြစ်ဆိပ်ကို ဆင်းသွားလိုက်နဲ့ အဲ့သည့် မျက်မမြင် အီတလီအမျိုးသမီးကြီးက ကမ္ဘာနဲ့တော့မယ်တဲ့။ အခု ပုဂံကို ရောက်လာရတာကလည်း ပုဂံရဲ့အသံ၊ ပုဂံရဲ့အနံ့၊ ပုဂံရဲ့ အထိအတွေ့၊ စကားပြောသံတွေ၊ ဟင်းနံ့၊ မုန့်နံ့၊ ပန်းနံ့တွေ၊ ရာသီဥတု အပူအအေး၊ လေရဲ့အတို့အထိ အဲဒါတွေကို သိချင်လို့ ရောက်လာတာတဲ့။ မျက်စိအမြင် သာရှိရင် လူ့ဘဝကို တစ်ကြိမ်တစ်ခေါက် ရောက်လာရတာ ဘယ်လောက် တန်လိုက်လေမလဲတဲ့။

နောက်တစ်ခါ ဖေဖေတွေ့ရပြန်တာက ဖေဖေ စာသင်ပေးနေတဲ့အိမ် က သမီးငယ်လေးတစ်ယောက် သားရဲ့။ တစ်နေ့မှာ ဖေဖေက သူ့ကို စာစီ စာကုံးတစ်ပုဒ် ရေးခိုင်းခဲ့တယ်လေ။ 'မမေ့နိုင်သော ခရီးတစ်ခေါက်' ဆိုတဲ့ ခေါင်းစဉ်နဲ့ပေါ့။ ဆယ်တန်းကျောင်းသူအရွယ်လည်းဖြစ်၊ မိဘတွေကလည်း တောင့်တောင့်တင်းတင်းတွေမို့ ခရီးကလေးဘာလေးတော့ဖြင့် သွားဖူးလိမ့်မယ် လို့ မျှော်လင့်ထားခဲ့မိတယ်ပေါ့။ ဒါပေမဲ့ အံ့သြစရာကောင်းလောက်အောင်ကို
mgyoe.com

mgyoe.com

ဖေဖေ့တပည့်မ သမီးငယ်ကလေးဟာ အဲ့သည် စာစီစာကုံးကို မရေးတတ်၊ ဘယ်အရပ်မှလည်း ခရီးမသွားဖူးတဲ့ သူတဲ့ သားရဲ့။ ဖေဖေ ပိုပြီး အံ့သြသွားတာက သူတို့မြို့နဲ့ လေးနာရီခရီးလောက်သာရှိပြီး မိုင် ၁၀၀ လောက်သာဝေးတဲ့ ရန်ကုန်ကိုတောင် မရောက်ဖူးဘူးဆိုတာကို ပါပဲ။

သြော် … အာကာသကိုတောင် ခရီးနှင်ဖို့ စိုင်းပြင်းနေကြတဲ့ သည်ခေတ်ကာလကြီးမှာတဲ့ သားရယ်။

## (သုံး)

သားရေ …

ဖေဖေ့မှာ ကိုတာဆိုတဲ့ မိတ်ဆွေစာရေးဆရာတစ်ယောက် ရှိတယ် သားရဲ့။ စိမ်းတဲ့မြေသို့အပြန်ဆိုတဲ့ စာအုပ်ဟာ သူရေးခဲ့တဲ့ စာအုပ်တွေထဲက တစ်အုပ်ပေါ့။ သူက အဲ့ဒီစာအုပ် တစ်နေရာမှာ ခရီးများများသွားတဲ့သူဟာ ဒီမိုကရက်တစ် (Democratic) ဆန်လာတယ်လို့ ကိုးကားရေးသားထားခဲ့ဖူးတာကို ဖေဖေ အမှတ်ရမိတယ်။ ဟုတ်တယ်။ ဒါကို ဖေဖေ သဘောကျတယ်။

ဒီမိုကရက်တစ်ဖြစ်တယ်ဆိုတာ အတ္တရဲ့ဆန့်ကျင်ဘက်။ အာဏာရှင်ဆန်မှုရဲ့ ဆန့်ကျင်ဘက်ပဲပေါ့။ ခရီးများများသွားလိုက်တဲ့အခါ ကိုယ်နဲ့မတူတာတွေကို ဖေဖေတို့ အများကြီး ထိတွေ့လိုက်ကြရတယ်လေ။ လောကမှာ ကိုယ်စားသလို မစားသူတွေအများကြီး၊ ကိုယ်ပြောသလို မပြောသူတွေအများကြီး၊ ကိုယ်ဝတ်သလို မဝတ်သူတွေ အများကြီး၊ ကိုယ်နေသလို မနေသူတွေ အများကြီး၊ ကိုယ်ယုံကြည်သလို မယုံကြည်သူတွေ အများကြီးဆိုတာကို ဖေဖေတို့ နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ကြရတော့တာပါပဲ။ ကိုယ်နဲ့မတူတာကို လက်ခံတာဟာ ဒီမိုကရက်တစ် ဆန်လာတာပဲပေါ့။

ခရီးများများသွားလိုက်တဲ့အခါ လူဟာ ပွင့်လင်းသွား၊ လွတ်လပ်သွား၊ ပြီးတော့ လွတ်မြောက်သွားတယ်လို့ ဖေဖေ ခံစားမိတယ်။ ဝတ်တာ၊ စားတာ၊ နေတာ၊ ထိုင်တာ၊ ပြောတာ၊ ဆိုတာ၊ ယုံကြည်တာ အကုန်လုံး ငါ့လိုပဲ ဖြစ်ရမယ်ဆိုတဲ့စိတ်တွေ တစ်လွှာစီ တစ်လွှာစီ ကွာကျကုန်တော့တာပါပဲ။ စိတ်နဲ့အတူ မျက်လုံးတွေရော အပြုံးတွေရော အသွားအလာအနေအထိုင်တွေရော ပေါ့ပါးသွားဖို့အတွက် ဖေဖေတို့ ခရီးသွားဖို့လိုမယ်လို့ ဖေဖေ စဉ်းစားမိတယ်။

mgyoe.com

## (လေး)

သားရေ ...

ဖေဖေတို့ မြန်မာနိုင်ငံနဲ့ ရင်းနှီးတဲ့ အိန္ဒိယစာရေးဆရာတွေထဲမှာ ရာဟုလာသံကိစ္စည်းဆိုတာ အထင်ကရ စာရေးဆရာကြီးတစ်ယောက်ပဲ သားရဲ့။ သူ ဖေဖေတို့နိုင်ငံကို လာဖူးတယ်။ ဖေဖေနဲ့ အလွန်ရင်းနှီးတဲ့ စာရေးဆရာကြီး ပါရဂူနဲ့ ဆရာကြီး ဆန်းထွန်း (မန်းတက္ကသိုလ်) တို့က ရာဟုလာသံကိစ္စည်းရဲ့စာတစ်အုပ်ကို မြန်မာဘာသာပြန်ဖူးတယ်။ 'ဗော်လဂါမှ ဂင်္ဂါသို့' ဆိုတဲ့ စာအုပ်ကြီးပေါ့။ ဖေဖေသိပ်ကို ကြိုက်တဲ့ စာအုပ်။ အဲသည့်စာအုပ်တစ်နေရာမှာ စာရေးဆရာ ရာဟုလာသံကိစ္စည်းက ...

'ကမ္ဘာတစ်ခွင်သို့ လှည့်လည်လော့။

ဘဝတစ်သက်တာ ဆိုသည်မှာ

တစ်ခါသာရောက်လာသည်။

ဘဝတစ်သက်တာအတွင်းမှာလည်း

ပျိုရွယ်မှုဟူသည်

တစ်ကြိမ်သာ လာရောက်သည်။' လို့ ရေးထားခဲ့ပုံကို ဖေဖေစွဲနေမိခဲ့တယ်။ ဟုတ်တယ်။ သည်ကမ္ဘာမြေပေါ်မှာ ဖေဖေတို့ နေထိုင်အသက်ရှင်ခွင့်က ဘယ်နှနှစ်လဲ။ ၅၀ လား၊ ၆၀ လား။ ဒါမှမဟုတ် ၇၀ လား၊ ၈၀ လားလား။ မသေချာဘူး၊ မရေရာဘူး။ ပို့ပြီးတော့ မသေချာမရေရာတာက နောက်တစ်ခါ လူပြန်ဖြစ်မဖြစ် သည်တော့ ရာဟုလာသံကိစ္စည်းပြောသလို အသက်ရှင်နေတုန်းမှာ မိသားစုတွေ ခရီးများများသွားပစ်လိုက်ဖို့ လိုတယ်လို့ ဖေဖေထင်မိတယ်။

## (ငါး)

အိမ်နဲ့ဝေးတဲ့ အရပ်ကနေ ပွင့်လင်းလွတ်လပ်တဲ့ အပြုံးတွေနဲ့ ပြန်လာကြတဲ့ ခရီးသည် မိသားစုတွေကို မကြာခဏဆိုသလို ဖေဖေ တွေ့ဖူးတယ်။ မော်တင်စွန်းတို့လို၊ ချောင်းသာတို့လို၊ ငပလီတို့လို အရပ်တွေကနေ ပြန်လာကြတဲ့ မိသားစုတွေက ခရု၊ ပုတီးတွေ လည်ပင်းမှာ ကိုယ်စီဆွဲလို့။ ပုသိမ်ထီးကလေးတွေ လက်မှာကိုင်လို့။ ပုဂံညောင်ဦး၊ ပုပ္ပားတစ်ဝိုက်က ပြန်လာတဲ့လူတွေက ယွန်းပစ္စည်းကလေးတွေနဲ့၊ ပုံးရည်ကြိုးထုပ်ကလေးတွေနဲ့၊ စကားဝါပန်းကလေးတွေနဲ့၊ ကမ္ဘောဇဘက်က ပြန်လာတဲ့လူတွေက ထိုးမုန့်ဘူးတွေ

mgyoe.com

mgyoe.com

ချိတ်လုံချည်တွေနဲ့၊ ကမ္ဘောဇဘက်က ပြန်လာတဲ့လူတွေက တို့ဟူးခြောက်တွေ၊ ခေါပုတ်ခြောက်တွေ၊ အာလူးခြောက်တွေနဲ့၊ ကျိုက်ထီးရိုးက ပြန်လာတဲ့လူတွေက ဝါးသေနတ်ကြီးတွေ လွယ်လို့၊ ဝါးတောင်ဝှေးကြီးတွေ ထောက်လို့၊ ဟိုးမြောက်ဖျား ကချင်တောင်တန်းတွေကနေ ပြန်လာတဲ့သူတွေက ကျောက်စိမ်းပုတီးတွေ၊ ကျောက်စိမ်းလက်ကောက်တွေ ဝတ်လို့၊ အိမ်ရှိရာကို ပြန်လာနေလိုက်ကြတာ။

ဒေသအသစ်၊ သစ်ပင်တောတောင် လျှိုမြောင်စိမ့်စမ်းအသစ်၊ မနက်ခင်း စားစရာအသစ်၊ နှုတ်ထွက်စကားအသစ်၊ အမြတ်တနိုး တန်ဖိုးထားပုံအသစ်၊ ဝတ်ပုံစားပုံ ဖြိုးလိမ်းပြင်ဆင်ပုံအသစ်၊ အကုန်လုံးသစ်တဲ့အရာတွေက ခရီးသွားသူ မိသားစုကို အသစ်ပြန်လုပ်ပေးလိုက်တဲ့ပုံပါပဲ။

ပြင်သစ်စာရေးဆရာ အင်ဒရေ မောရွိုင်း (Andre Maurois) ရဲ့ စာအုပ်တစ်အုပ်ရှိတယ် သားရဲ့။ The Art of Living တဲ့။ ဆရာမြသန်းတင့်က ဘဝနေနည်းအနုပညာဆိုတဲ့ နာမည်နဲ့ ဘာသာပြန်ခဲ့သေးတာပေါ့။ အဲသည့် စာအုပ်ထဲမှာ စာရေးဆရာ အင်ဒရေမော်ရွိုင်းက ပြင်သစ်ကဗျာဆရာ ပေါဗာလေရီရဲ့ စာတစ်ပုဒ်ကို ကိုးကားဖော်ပြထားခဲ့တာကို ဖေဖေ သွားသတိရမိတယ် သားရယ်။

**'မိသားစုတိုင်း၌ ဖုံးကွယ်ထားသည့်**
**ငြီးငွေ့သော စိတ်တစ်မျိုး ရှိတတ်၏ '** တဲ့။

ဟုတ်တယ်။ ထပ်တလဲလဲ နေ့ရက်တွေ အပ်ကြောင်းထပ်နေတဲ့ ဘဝတေးသံတွေက ဖေဖေတို့ကို ငြီးငွေ့စေတယ်။ သည်ငြီးငွေ့စိတ်ကို ခရီးသွားခြင်းက ချေဖျက်ပစ်နိုင်တယ်။ အတူအိပ်၊ အတူထ၊ အတူနား၊ အတူသွား ခရီးသွားခြင်းမှာ မိသားစုတွေဟာ တစ်ဖန်ပြန်လည် ရင်းနှီးသွားနိုင်တယ်လို့ ဖေဖေ ယုံကြည်တယ်။ လက်ကောက်တွေကို တံတောင်ဆစ်လောက် ရောက်အောင်ဝတ်ထားပြီး အိမ်ထဲက အိမ်ပြင်မထွက်တဲ့ မိန်းမ၊ ပိုက်ဆံအိတ် တံတောင်လောက်ကို လက်မှာကိုင်ပြီး ဘယ်မြို့မှမရောက်ဖူးတဲ့ယောကျ်ားတွေဟာ သူ့မိသားစုကို ဘယ်တော့မှ မစိမ်းလန်းစေပါဘူးလေ။

သားရေ။

အခု ဖေဖေတို့ ချောင်းသာခရီးစဉ်မှာလည်း ဘုရင့်နောင်တံတားကို ကျော်ပြီး ရန်ကုန်နယ်နိမိတ်ကနေ လွတ်ထွက်သွားပြီးတာနဲ့ နောက်ထပ်စာမျက်နှာအသစ်တစ်ရွက်ကို လှန်မိလိုက်ပြန်ပြီဆိုတာ ဖေဖေယုံတယ်။ စိတ်ချ။ ။

mgyoe.com

mgyoe.com

## ရယ်စရာမောစရာတွေနဲ့ အိမ်ကလေး

### (တစ်)

သားရေ …။

သည်တစ်ခါတော့ ဖေဖေက သားကို ရယ်စရာမောစရာတွေအကြောင်း ပြောရရင် ကောင်းမလားလို့ စဉ်းစားမိတယ်ကွာ။ ဟုတ်တယ် ဖေဖေတို့သား အဖတွေနဲ့ ထိတွေ့ဆက်စပ်နေရတဲ့ ပတ်ဝန်းကျင်မှာ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် ဘယ်လိုလောကဓံတရားနဲ့ပဲကြုံကြုံ အရယ်အမောမပျက်ဘဲနဲ့ ရင်ဆိုင်ဖြတ်သန်းသွားတဲ့သူတွေရှိသလို ဘယ်လိုအခြေအနေမျိုးမှာမှ ကိုယ်တိုင်ကလည်း မရယ်မောတတ်၊ တခြားသူတွေရဲ့ အရယ်အမော အပြုံးအရွှင်တွေကလည်း အလွယ်တကူနဲ့ ကိုယ့်ကို မကူးစက်နိုင်ဘဲ ခြောက်တိခြောက်ကပ် ဖြစ်နေတဲ့သူတွေလည်း ရှိနေကြတာ မဟုတ်လား သားရယ်။ ဒါကြောင့် ဖေဖေက အခုတစ်ခါ သားကို ရယ်စရာ မောစရာတွေအကြောင်း ပြောဦးမှလို့ စိတ်ကူးပေါ်မိလာခဲ့တာပါပဲ။

### (နှစ်)

တချို့လူတွေဟာ မရယ်မောတတ်ကြဘူး သားရဲ့။ ဒါဟာ တော်တော့်ကို အံ့သြစရာကောင်းတဲ့ ဘဝနေထိုင်မှု ဟန်ပန်တစ်မျိုးလို့ ဖေဖေကတော့ ထင်မိတာပါပဲ သားရယ်။ မြေစာရင်းဌာနမှာ အလုပ်လုပ်တဲ့ ဖေဖေ့မိတ်ဆွေ တစ်ယောက်ရှိတယ်ကွ။ သူဟာ မရယ်မောတတ်၊ ပြီးတော့ ရယ်စရာတွေကို လည်း ဘယ်တော့မှ မကြိုက်တတ်တဲ့လူပေါ့။ ဟာသရုပ်ရှင်တွေကို သူ ကြည့်လေ့မရှိဘူး။ ဟာသစာပေကိုလည်း သူ ဘယ်တော့မှ မဖတ်ဘူး။

mgyoe.com

mgyoe.com

ထိုအခါမို
ငယ်စဉ်ဖော်စဉ်တွေနဲ့
အိမ်မက်ကလေး
~



mgyoe.com

ကိုသန်းလှိုင်၊ ကိုတင်လှိုင်၊ စန္ဒရားချစ်ဆွေ၊ စန္ဒရားလှထွဋ်၊ သန်းဖေလေး၊ ကိုစောညိန်း အဆွေးသီချင်းတွေချည်းပဲ အမြဲနားထောင်တယ်။ ညည်းတယ်။ ဝတ္ထုဆိုရင်လည်း နွေကန္တာဉီးတို့၊ မိုးညအိပ်မက်မြူတို့၊ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်တို့၊ တစ်ပြည်သူမရွှေထားတို့ သူ့လက်ထဲမှာ တကိုင်ကိုင်နဲ့။ သူဟာ အမြဲတမ်းဈွေနေတဲ့ မိုးလိုပဲ။ အုံ့အုံ့မှိုင်းမှိုင်းကြီးနဲ့ တစ်ခါတလေ လက်ဖက်ရည်ဝိုင်းတွေ ဘာတွေမှာ ဖေဖေတို့ စုမိ ဆုံမိကြလို့ ရယ်စရာ မောစရာတွေဘက် စကားရောက်သွားတဲ့ အခါတွေမှာလည်း သူက ခပ်ယဲ့ယဲ့ ပြုံးတယ်ဆိုရုံကလေးပါပဲ။ အားရပါးရ ရွှင်လန်းသွားအောင် ရယ်တယ်ဆိုတာ မရှိသလောက်ပါပဲ သားရာ။ ဒါ ရယ်စရာလားဗျာဆိုတဲ့ သူ့အမေးကို ဖေဖေတို့ ဘယ်လိုဖြေရမှန်း မသိခဲ့ဘူး။ တစ်ခါတစ်ခါ သူတို့ အိမ်ဘက်ကို ဖေဖေရောက်သွားလို့ အကဲခတ်ကြည့်တဲ့အခါ သူက စာအုပ်တစ်အုပ်နဲ့၊ သူ့ဇနီးကလည်း စာအုပ်တစ်အုပ်နဲ့။ သူ့သမီးကလည်း စာအုပ်တစ်အုပ်နဲ့ အသက်ရှင်ရတာ မခြောက်သွေ့လွန်းဘူးလား။

ဖေဖေ အလုပ်လုပ်နေတဲ့ တက္ကသိုလ်ကျောင်းရဲ့ အပေါက်ဝ မလှမ်းမကမ်းက အိမ်တစ်အိမ်ဆိုရင်လည်း ဖေဖေတော်တော့်ကို စိတ်ဝင်စားမိတယ်။ အဲဒီအိမ်က ဥစားကြက်ခြံကလေးနဲ့၊ အိမ်ဆိုင်ကလေးတစ်ဆိုင်နဲ့ သမီးတွေကလည်း နှစ်ယောက်လား သုံးယောက်လားမသိ။ တစ်အိမ်လုံး ဘယ်သူမှ ရယ်မောမနေကြဘူး။ ဖေဖေ ကြက်ဥသွားသွားဝယ်တဲ့အခါ အမေလုပ်တဲ့လူက ကြက်ဥပေးမယ်၊ ပိုက်ဆံယူမယ်၊ ဒါပဲ။ ပြီးရင် ကြက်ခြံထဲမှာ ဟိုနားချွတ်ချွတ်၊ သည်နားချွတ်ချွတ်၊ သမီးတွေကလည်း အိမ်ဆိုင်ကလေးထဲမှာ ငုတ်တုတ်၊ တစ်ခါတစ်ခါ သူတို့အဖေနဲ့ လမ်းမှာဆုံတတ်တယ် သားရဲ့။ သူက ခေါင်းတစ်ချက်ဆတ်ပြပြီး နှုတ်ဆက်သွားရုံ၊ ဒီလောက်ပါပဲ။ အသက်ရှင်ရတာ လေးလံပင်ပန်းလိုက်တာ။

## (သုံး)

ဖေဖေကတော့ ရယ်တတ်မောတတ်၊ ပျော်တတ်၊ ရွှင်တတ်တာဟာ မိသားစုဘဝကို စိမ်းစိုအောင်လုပ်တဲ့ အနုပညာတစ်ရပ်လို့ ထင်မိတယ် သားရယ်။

ဗိုလ်ချုပ်ကြီး မက်အာသာဆိုတာကို သား ကြားဖူးမလား မသိဘူး။ ဒုတိယ ကမ္ဘာစစ်ကြီးမှာတုန်းက ပစိဖိတ် စစ်မျက်နှာမှာ တာဝန်ယူခဲ့တဲ့

mgyoe.com

အမေရိကန် ဗိုလ်ချုပ်ကြီးပေါ့။ သူက Build me a son ဆိုတဲ့ စာအုပ်ကို ရေးခဲ့သေးတာပေါ့။ သူ့သားကို တည်ဆောက်တဲ့ စာအုပ်ပါပဲ။ ဆရာ တက်တိုးတို့ ဘာသာပြန်ခဲ့ဖူးသေးတာပေါ့။ အဲသည့် စာအုပ်တစ်နေရာမှာ ဗိုလ်ချုပ်ကြီး မက်အာသာက–

'အလွန့်အလွန်လေးနက်သူ မဖြစ်စေချင်
ထိုက်သင့်သလောက် ဟာသဓာတ်ခံ
ရှိစေချင်' လို့ ရေးထားခဲ့တာကို ဖေဖေ လက်ခံတယ်ကွာ။

နောက် တော်ဖလာ (Alvin Tofler) ဆိုတာကိုရော သား ကြားဖူးမလား မသိဘူး။ သူက လူမှုရေးသိပ္ပံနယ်ပယ်မှာ တော်တော့်ကိုထင်ရှားတဲ့ ပညာရှင် တစ်ယောက်ပေါ့။ သူ့ရဲ့တတိယလှိုင်း (The Third Wave) တို့၊ ယဉ်ကျေးမှု စားသုံးသူများ (The culture consumers) တို့၊ အနာဂတ် သွေးလန့်ခြင်း (Future shock) တို့ဆိုတဲ့ စာအုပ်တွေဟာ ဖေဖေတို့ စာဖတ်သူတွေနဲ့ ရင်းနှီး သင့်သလောက် ရင်းနှီးနေခဲ့ပြီမဟုတ်လား။ ကျော်ဝင်း၊ မောင်ကြည်သစ်၊ မောင်စူးစမ်း၊ ကိုတာ စတဲ့ စာရေးဆရာတွေက သူ့စာတွေကို မကြာမကြာ ဘာသာပြန်ကြ၊ ညွှန်းကြနဲ့။ ထားပါ သားရယ်။ အဲသည့် တော်ဖလာက ...

'ကျွန်တော်တို့တစ်တွေဟာ ရက်စက်မှုတွေ၊ ပူဆွေးမှုတွေ၊ ဒေါသ တွေနဲ့ ပြည့်လျှမ်းနေတဲ့ ကမ္ဘာကြီးမှာ နေထိုင်ကြရတာ မဟုတ်လား။ အရောင်တလက်လက်ထွက်နေတဲ့ ကတိစကားတွေလည်း ရှိသေးတယ်။ ဒီလို လောကကြီးကို ဖြတ်သန်းရတဲ့အခါ အသက်ရှင်ရပ်တည်နိုင်ဖို့ တစ်ခု တည်းသောနည်းလမ်းဟာ ဟာသဓာတ်ခံရှိဖို့ပဲဗျ' တဲ့။ သား သဘော မကျဘူးလား။

ဖေဖေတို့ ငယ်ငယ်တုန်းက ကပ်ဒေါက်ဂလပ်စ် (Kirk Douglas) ဆိုတဲ့ မင်းသား မြန်မာပရိသတ်တွေကြားထဲမှာ တော်တော့်ကို ထင်ရှားခဲ့ဖူး သေးတယ် သားရဲ့။ သူကတော့ ...

'ဟာသမရှိရင် ဘဝမှာ ရပ်တည်လို့ မရဘူး။ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး ဟားကို ဟားပစ်နိုင်ရမယ်။ မဟားနိုင်လို့ကတော့ ခင်ဗျား နာပြီသာမှတ်' တဲ့။ ဟုတ်တယ် သားရဲ့။ ရယ်စရာ မောစရာတွေဟာ ဖေဖေတို့ ဖြစ်တည် နေခြင်းကို လွတ်လပ်သွား၊ ပေါ့ပါးသွား၊ ရင်းနှီးပွင့်လင်းသွားစေတာကတော့ အမှန်ပါပဲလေ။

mgyoe.com

mgyoe.com

## (လေး)

တစ်ခါတုန်းက ကျောက်ပန်းတောင်းမြို့ကလေးကို စာပေဟောပြောပွဲကိစ္စနဲ့ ဖေဖေ ရောက်သွားခဲ့ဖူးတယ်။ အဲသည့်ပွဲမှာ ဖေဖေနဲ့အတူ ဟောမယ့် စာရေးဆရာတစ်ယောက်က ကိုနေဝင်းမြင့်ပေါ့။ ဖေဖေတို့တစ်တွေ ပုပ္ပားတောင် တက်လိုက်ကြ။ ကြက်မောက်တောင်ဆည်ကို သွားလိုက်ကြ၊ ပုဂံဘက် ကူးလိုက်ကြနဲ့ ရိုက်လိုက်တဲ့ဓာတ်ပုံတွေက တစ်ကွက်ပြီးတစ်ကွက်၊ ဒါနဲ့ ဖေဖေတို့ ပြန်မယ့်နေ့လည်းရောက်ရော ကားဂိတ်မှာ နှုတ်ဆက်ကြတော့ ကိုနေဝင်းမြင့်က ကျောက်ပန်းတောင်းပွဲ အစီကစီစဉ်သူ ကိုခင်မောင်ချို ဆိုသူဘက်ကို လှည့်ကာ ..

'ကဲ ကိုချို၊ ကျွန်တော် တစ်ခုမေတ္တာရပ်ခံခဲ့ပါရစေ။ ရိုက်ထားတဲ့ ဓာတ်ပုံတွေကို ကျွန်တော်တို့ စာရေးဆရာတွေဆီ လုံးဝပို့မပေးပါနဲ့ဗျာ'လို့ ဆိုလိုက်တဲ့အခါ အကုန်လုံး ဝါးခနဲ ပွဲကျသွားတော့တာပါပဲ။ ဘယ်တော့မှ ပို့လေ့မရှိတာကို ငေါ်ပြီး မေတ္တာရပ်ခံလိုက်တဲ့အခါကျတော့ အမှန်တရားနဲ့ နီးစပ်ကာ နေရထိုင်ရ လွတ်လပ်ပေါ့ပါးသွားပါရော။

တစ်ခါကလည်း ဖေဖေရယ်၊ ကိုအောင်ဝေးရယ် လပွတ္တာမြို့ကလေးကို ရောက်သွားခဲ့ဖူးတယ်။ အဲသည့်မှာ မြို့ကိုပတ်ဖို့ ဖေဖေတို့ကို စက်ဘီး တစ်စီးစီ ပေးတဲ့အခါ ကိုအောင်ဝေးက ...

'တစ်ခါတစ်ခါ ကိုယ်က ဗိုလ်ချုပ်အောင်ဆန်းနဲ့ သွားသွားတူတယ်ကွာ' တဲ့။

မြို့ခံက

'ဘာဖြစ်လို့လဲ အစ်ကို' ဆိုတော့ ကိုအောင်ဝေးက

'ကိုယ် စက်ဘီးမစီးတတ်ဘူးကွာ' တဲ့။ အကုန်လုံး ဝါးခနဲပါပဲ။ ရယ်စရာမောစရာတွေဟာ လူတွေကို ရင်းနှီးစေတယ်ကွာ။

## (ငါး)

ဖေဖေ့မိတ်ဆွေ စာရေးဆရာကိုတာက ရယ်ရွှင်ဖွယ်ဆိုတဲ့ စာတမ်းကလေးတစ်အုပ် ထုတ်ဖူးတယ်။ အဲသည်အထဲမှာ ကိုတာက ရစ်ချက်ဆောင်း ဒါးရဲ့ အဆိုအမိန့်တစ်ခုကို ကိုးကားထားတယ်။ ဆဲလ်တွေက အကြံဉာဏ်ကို မွေးဖွားပေးသတဲ့။ စိတ်တင်းကျပ်ရင် ဆဲလ်တွေ သေသတဲ့။ ဖေဖေ လက်ခံတယ်ကွ။

mgyoe.com

mgyoe.com

နောက် ဘင်ဂျမင်ဖရင်ကလင်ရဲ့ အဆိုကိုလည်း ကိုတာက ကိုးကားထားသေးတယ်။ ပျော်စရာဖြစ်မှ အားတက်သရောရှိတာတဲ့။ ပျော်တော့မှ ဉာဏ်ထက်တာတဲ့။ ငါးနှစ်အရွယ်ကလေးတွေဟာ တစ်နေ့ကို အကြိမ် ၁၀၀ လောက်ရယ်ပြီး ၄၅ နှစ်လောက်ရောက်လာရင် ၁၁ ကြိမ်လောက်သာ ရယ်တော့သတဲ့။ ဒါကြောင့် ဖေဖေတို့တစ်တွေဟာ ကြီးလာလေလေ၊ ပညာရှာဖို့ ကျဉ်းမြောင်းခက်ခဲလာလေလေဖြစ်ရတာပေါ့။ ဖေဖေတို့တစ်တွေ ပျော်စရာဖြစ်အောင် မနေတော့တာလေ။ ဉာဏ်တွေ တုံ့ဆိုင်းသွားပြီပေါ့။

တချို့မိသားစုတွေဟာ တော်တော့်ကို ပျော်စရာကောင်းပါတယ် သားရယ်။ အဖေနဲ့သမီး၊ အမေနဲ့သား၊ မောင်နဲ့နှမ စကြ နောက်ကြ၊ ရယ်ကြ မောကြ၊ ဖေဖေ့မိတ်ဆွေတစ်ယောက်ဆို တော်တော့်ကို အသားမည်းတယ်။ သူ့သမီးကလေးက ချောချော၊ ဖွေးဆွတ်လို့ သူက တစ်ခါတစ်ခါ သူ့သမီးကို

'ဟေ့ ဖေဖေက ဘာအမွေမှ မပေးနိုင်ဘူး။ အသားအရေနဲ့ အဆင်းလက္ခဏာအလှပဲ အမွေပေးနိုင်တာ'လို့ ဆိုလိုက်တဲ့အခါ တစ်အိမ်လုံး ဝါးခနဲ သူတို့ကိုကြည့်ပြီး ဖေဖေ ပျော်လိုက်တာ။

၈-၁၁-၂၀၀၆ BBC သတင်းတစ်ရပ်မှာ တရုတ်နိုင်ငံတောင်ပိုင်း၊ ဝွမ်းဒေါင်းပြည်နယ်၊ ရှန်ဇန်းရင်ပြင်မှာ နေ့စဉ် နံနက်တိုင်း လူ ၁၀၀၀ လောက်က နာရီဝက်တိတိ ရယ်နေကြလေသတဲ့။ Laughing club ဆိုလား၊ ပထမဆုံးအသင်းသားက ကျန်းလီဆင်တဲ့။ ရယ်မော ပျော်ရွှင်တယ်ဆိုတာ လူ့ဘဝရဲ့ မရှိမဖြစ် အခန်းကဏ္ဍတစ်ခု သားရဲ့။

အေးကွာ၊ ဖေဖေကတော့ မိသားစုတိုင်းကို စကြ၊ နောက်ကြ၊ ရယ်ကြ၊ မောကြနဲ့ ဘဝကို စိမ်းစိုအောင်နေရင်း ဖြတ်သန်းပြီးမြောက်သွားကြစေချင်တာပါပဲ သားရယ်။ ။

□

mgyoe.com

mgyoe.com

## အိမ်မွေးတိရစ္ဆာန်တွေနဲ့ အိမ်ကလေး


## (တစ်)

သားရေ ...

ဟိုးတစ်နေ့က ဖေဖေ အိမ်မှာရှိနေတုန်း နေကလေးလည်း သာတာနဲ့ သားရယ်၊ ဖေဖေရယ် အိမ်ရှေ့ထွက်ပြီး အေးအေးလူလူ ထိုင်နေဖြစ်ခဲ့ကြပါ ရော။ စာကလေးတွေ၊ စာကလေးတွေ ဖေဖေတို့အိမ်ရှေ့ သရက်ပင်ပေါ်မှာ၊ ခြံစည်းရိုးအုတ်တံတိုင်းပေါ်မှာ၊ လျှပ်စစ်မီးကြိုးတွေပေါ်မှာ ထပျံလိုက်ကြ၊ ဆင်းနားကြလိုက် အသံကလေးတွေက စာစာညံလို့။ သားက ထုံးစံအတိုင်း သူတို့ကို ဆန်ကျွေးဦးမယ် ဖေဖေရာ ဆိုပြီး ဆန်နို့ဆီဘူးတစ်ဝက် မရှိတရှိ လောက်ကို သွားခပ်လာပြီး အိမ်ရှေ့သမံတလင်းပေါ် ဖြန့်ကြဲချလိုက်တော့ အပြည့်ပြည့်ဆိုင်ရာလေဆိပ်ကို လေယာဉ်တွေ ဆင်းလာတာကျနေတာပဲ၊ တစ်ကောင်ပြီးတစ်ကောင် ဆင်းဆင်းပြီး စားလိုက်ကြတာ သိပ်ချစ်ဖို့ ကောင်းတာပဲ။

ဖေဖေတို့အိမ် တံစက်မြိတ်မှာ စာကလေးအိမ်နှစ်လုံး ချိတ်ထားတယ် သားရဲ့။ သစ်သားအိမ် ပေါက်စနကလေးနှစ်လုံး။ သားပူဆာလို့ သားမေမေ က ဝယ်ချိတ်ပေးထားတာလေ။ စာကလေးတွေက ဝင်လိုက်ထွက်လိုက်နဲ့ သား ငယ်ငယ်က အဲသည့်မြင်ကွင်းကို ထိုင်ကြည့်ပြီး သူတို့မှာ ခုတင်ရှိလား ဖေဖေ၊ သူတို့မှာ အိမ်သာရှိလား ဖေဖေ၊ သူတို့မှာ ကုလားထိုင်ရှိလား ဖေဖေ နဲ့ တစ်မေးတည်း မေးနေတော့တာပဲ။ စပါးသီးတဲ့ရာသီတွေမှာ ဖေဖေတို့ လမ်းထဲကို စပါးတွဲလာလာရောင်းတတ်ကျတာမို့ ဝယ်ပြီး ချိတ်ထားပေး လိုက်ရင် စပါးတွဲမှာ တွဲလွဲခိုနားပြီး စားနေကျပုံမြင်ကွင်းဟာ သိပ် အသက် ဝင်တာပဲ။ ဒါကို သားက သဘောကျတဲ့အတွက် ဖေဖေ ကျေနပ်မိတယ်။

mgyoe.com



mgyoe.com

လူတွေဟာ တိရစ္ဆာန်လေးတွေကို ချစ်ဖို့မလိုအပ်ဘူးလား။ ဒါမှ မဟုတ် လိုအပ်သလား။ တော်တော့်ကို စဉ်းစားဖို့ကောင်းတဲ့ကိစ္စ သားရဲ့။ ဖေဖေတို့ရဲ့ ဘဝဟန်ချက်၊ ဖေဖေတို့ရဲ့ စိတ်နေစိတ်ထား ပျော့ပျောင်းမှု၊ မာဆတ်တောင့်ခဲမှု၊ လှပုံ၊ အရုပ်ဆိုးပုံတွေနဲ့ရော မပတ်သက်နိုင်ဘူးလား။ စိတ်ဝင်စားဖို့ ကောင်းပါတယ်လေ။

## (နှစ်)

သားရေ ...။

ဖေဖေတို့ငယ်ငယ်က ကလေးကဗျာကလေးတွေ သိပ်ဆိုခဲ့ကြတာ သားရဲ့။ ပါပီကလေးကဗျာကို အခုထိ ဖေဖေ သတိရတယ်။

ပါပီကလေး ပုတုတု
သူ့စကားက ဝုဝုဝု။
သူ့စကား လူမသိ
လူ့စကား သူမသိ
သနားပါဘိ။

ပုတိုတိုခွေးကလေးတစ်ကောင်ရဲ့ အကြောင်းပေါ့။ ဝုဝုနဲ့ပဲ အော်တတ်တဲ့ ခွေးကလေး၊ လူ့စကားကို နားမလည်တဲ့ ခွေးကလေး၊ နောက် ရွှေခဲ ကြက်တူရွေး ကဗျာကလေးကိုလည်း ဖေဖေ အခုထိ သတိရဆဲပဲ။

ကြက်တူရွေး ကြက်တူရွေး
ရွှေခဲကြက်တူရွေး။
ညီပုလေးကို စာအံသင်
ရွှေခဲ စာအံသင်။
ညီလေးခင်က စာပြန်တုန်း
ရွှေခဲ စာပြန်တုန်း။
ဝလုံးရေးဖို့ ညီလေးထိုင်
ရွှေခဲမရေးနိုင်။
ငေးမှိုင်ရှာပေါ့ ကြက်တူရွေး
ရွှေခဲကြက်တူရွေး။

စာဆိုတဲ့အခါ လိုက်ဆိုနိုင်ပြီး ရေးတဲ့အခါ မရေးနိုင်ရှာတဲ့ ကြက်တူရွေး ကလေးတစ်ကောင်ရဲ့အကြောင်းပေါ့။ ကဗျာဆရာကြီး မင်းသုဝဏ်နဲ့ ဒေါက်တာ

mgyoe.com

mgyoe.com
မောင်ဖြူးဆိုတဲ့ ကဗျာဆရာကြီးတို့က ရေးဖွဲ့ပေးထားတာ။ ဟုတ်တယ်၊ သားရဲ့။ အိမ်မှာ ခွေးကလေးတွေ၊ ကြောင်ကလေးတွေ၊ ငှက်ကလေးတွေ မွေးထားတာ လူကို စာနာစိတ်ဖြစ်ပေါ်စေတယ် သားရဲ့။ စာနာစိတ် (Sympathy) ဟာ အလွန်အရေးကြီးပြီး လူ့အဖွဲ့အစည်းကို ခိုင်မြဲအောင် ချည်နှောင်ထားတာ။ အဲသည့်စာနာစိတ်လို့ ဆရာကြီး ဒေါက်တာကျော်စိန်က ၂၀၀၄ ဖေဖော်ဝါရီထုတ် idea မဂ္ဂဇင်းတစ်စောင်မှာ ရေးခဲ့တာကို ဖေဖေ အမှတ်ရနေမိတယ်။ မိသားစုတိုင်းမှာ စာနာစိတ်ဖွံ့ဖြိုးတာ မကောင်းဘူးလား။

## (နှစ်)

၂၀ ရာစုရဲ့ ရူပဗေဒ သူရဲကောင်းကြီးဖြစ်တဲ့ အိုင်းစတိုင်း (Albert Einstein) ကို သားသိမှာပါ။ ၁၈၇၉ မှာမွေးပြီး ၁၉၅၅ မှာ ကွယ်လွန်ခဲ့တဲ့ ရူပဗေဒပညာရှင်ကြီးပေါ့။ သူက တိရစ္ဆာန်တွေကို သိပ်ချစ်တာပဲနော်။ တစ်ခါမှာတဲ့ ဆေးတက္ကသိုလ်ကျောင်းသားတစ်စုက မွေးနေ့လက်ဆောင်အဖြစ်နဲ့ ကြက်တူရွေးကြီးတစ်ကောင် လက်ဆောင်ပေးသတဲ့။ အဲသည့်ကြက်တူရွေးကြီးက မှိုင်တိုင်တိုင်ဖြစ်နေတဲ့အခါ အိုင်းစတိုင်းက ကြက်တူရွေးကြီး စကားပြောလာအောင်ဆိုပြီး စကားတွေသွားပြော၊ နောက်ပြောင်နေခဲ့လေသတဲ့။ အိုင်းစတိုင်းက ကြောင်လည်းမွေးထားတာပဲ။ သူ့အခန်းနဲ့ အိမ်ထဲက တခြားအခန်းမှာ ကြောင်တွေ လွတ်လွတ်လပ်လပ် ကူးလို့ရအောင်ဆိုပြီး အပေါက်ခပ်ကြီးကြီး တစ်ပေါက်နဲ့ အသေးတစ်ပေါက် ဖောက်ပေးထားခဲ့ဖူးပါရော။ အကြီးက ကြောင်မေမေဝင်ဖို့၊ အသေးက သားလေးဖို့လို့ဆိုတဲ့အတွက် အိုင်းစတိုင်း ကြောင်ပုံ ကမ္ဘာကျော်သွားခဲ့တယ် မဟုတ်လား။

သားရေ။ အင်္ဂလန်ရဲ့ သတ္တမမြောက် အက်ဒွပ်ဘုရင် (King Edward VII)ကြီးနဲ့ သူ့ရဲ့ခွေးကလေးဆီဆာ (Caesar)တို့ရဲ့ သံယောဇဉ် ဟာလည်း သိပ်ကို စိတ်ဝင်စားဖို့ကောင်းတယ်။ ၁၉၁၀ မှာ ဘုရင်ကြီး ကွယ်လွန်တဲ့အခါ အဲသည့် ခွေးကလေးဆီဆာက မင်းညီမင်းသားတွေရဲ့ရှေ့က နေရာယူပြီး အသုဘအခမ်းအနားကို လိုက်ပါပို့ဆောင်လေသတဲ့လေ။ နောက် မိုးဇက် (Mozart)ဆိုတာကိုရော သား ကြားဖူးမှာပေါ့။ ဩစတြီးယားပြည် ဆောလ်ဇဘတ် (Salzburg) မြို့သား ကမ္ဘာကျော် ဂီတပညာရှင်ကြီး။ ၁၇၉၁ မှာ သူဆုံးတော့ မိုးတွေ လေတွေကြားထဲမှာ လိုက်ပို့သူ ၆ ယောက်ပဲ ပါတယ်တဲ့။ သူ့ခွေးကလေးကတော့ သူ့ခေါင်းတလားနောက်မှာ သင်္ချိုင်းရောက်တဲ့အထိ လိုက်ပို့လို့တဲ့။ သိပ်သစ္စာရှိကြတာပဲနော်။
mgyoe.com

mgyoe.com

ကဗျာဆရာကြီး မင်းသုဝဏ်ရှိတုန်းက ဆရာ့အိမ်ကို ဖေဖေရောက်သွားဖူးတယ်။ တစ်ခြံလုံး ငှက်ကလေးတွေချည်းပဲ သားရယ်။ တွန်ကျူးသံပေါင်းစုံက သိပ်ကြည်နူးဖို့ကောင်းတာပဲ။ နောက် ပန်းချီဆရာတစ်ယောက်ရှိသေးတယ်။ ကိုတင်မောင်မျှင့်တဲ့။ ဘာသာပြန်စာအုပ်မျက်နှာဖုံးဆို သူ့လက်ရာတွေချည်းပဲ။ သူကတော့ ကြောင်ချစ်တဲ့ ပန်းချီဆရာပေါ့။ သူ့အိမ်မှာ ကြောင်တွေချည်းပဲ။ အရောင်စုံ၊ အရွယ်စုံ။

လူတွေဟာ ကိုယ်နဲ့အတူနေလို့ရမယ့် သတ္တဝါကလေးတွေကို မွေးကြတာ ဘာမှမဆန်းပါဘူးလေ။ ကြောင်တို့၊ ခွေးတို့၊ ငှက်တို့ကအစ ယုန်ကလေးတွေ၊ ငါးကလေးတွေအဆုံး အမြတ်တနိုးမွေးကြတာပါပဲ။

ဒေါက်တာသိန်းလွင်ဆိုတာ Early childhood Development Specialist တစ်ယောက်ပေါ့။ ဆရာကတော့ ဖေဖေ့မိတ်ဆွေ စာရေးဆရာကိုတာရဲ့ silta lumbini pre- school မှာ စိတ်ပညာအကြံပေးလုပ်နေသူပါ သားရယ်။ အဲသည့် ဆရာရဲ့ မိဘတို့ရဲ့ သူငယ်ဥယျာဉ်ဆိုတဲ့စာအုပ် ဖေဖေ ဖတ်ဖူးတယ်။ အဲသည့်စာအုပ်ထဲမှာ ဒေါက်တာသိန်းလွင်က ကလေးကို တိရစ္ဆာန်တစ်ကောင် မွေးပေးဖို့၊ သူ့အကြိုက်ကို သူရွေးချယ်စေဖို့ လမ်းညွှန်ထားတာ ဖေဖေ ဖတ်လိုက်မိတယ်။ ကလေးအတွက် အဖော်ဖြစ်စေတယ်တဲ့။ အစာကျွေးခိုင်း၊ ရေတိုက်ခိုင်းပါတဲ့။ တာဝန်ယူစိတ်ဖြစ်ပေါ်စေတယ်တဲ့။

မှန်တယ် သားရဲ့။

တိရစ္ဆာန်ကလေးတွေဟာ ကလေးကိုသာမက လူအားလုံးကို အဖော်ဖြစ်စေတယ်လေ။ ပြီးတော့ လူဟာ အထူးသဖြင့် ကလေးတွေဟာ တုံ့ပြန်မှု (Response) ကို သိပ်လိုချင်ကြတာပေါ့။ ဒါကို တိရစ္ဆာန်ကလေးတွေက ပေးနိုင်တယ်လို့ ဖေဖေထင်တာပါပဲ။ ငါးမွေးကန်ထဲကို ငါးစာကလေးတွေ ချလိုက်လို့ ငါးကလေးတွေပြေးလာကြတဲ့အခါ၊ ပူစီကလေးရဲ့ ခေါင်းကိုပွတ်ပေးလို့ အမြီးကြီးထောင်လာတဲ့အခါ၊ ကိုယ်အပြင်ကပြန်လာလို့ ခွေးကလေးက အမြီးတနန့်နန့်နဲ့ မတ်တတ်ရပ်ပြီး ဖက်လဲတကင်း ပြေးကြိုတဲ့အခါ၊ ဖေဖေတို့ စိတ်ကျေနပ်မှုရကြစမြဲလေ။ အမေရိကန်မိသားစုတွေဆိုရင် မိဘနှစ်ပါး၊ သားတစ်၊ သမီးတစ်၊ ခွေးတစ်ကောင်စုစည်းမှုကို သိပ်ကြိုက်ကြတာတဲ့။ ခွေးလိမ္မာတစ်ကောင်နဲ့ဆော့ရင်း၊ ကစားရင်း၊ အစာကျွေးရင်း၊ လမ်းလျှောက်ရင်း စိတ်ဖိစီးမှု (stress) ကိုတောင် လျော့ကျစေသတဲ့။

mgyoe.com

mgyoe.com

ကြင်နာတတ်တဲ့ စိတ်နေစိတ်ထား၊ စာနာတတ်တဲ့ စိတ်ခံစားမှု၊ အဖော်နဲ့အတူနေရတဲ့ စိတ်ဓာတ်လုံခြုံမှု၊ တုံ့ပြန်မှုအတွက် ကျေနပ်ပြည့်စုံခြင်း၊ တာဝန်ယူလိုတဲ့စိတ် စတာတွေကို ပေးစွမ်းနိုင်တဲ့အတွက် ဖြစ်နိုင်ရင် အိမ်မွေးတိရစ္ဆာန်ကလေးတစ်ကောင်ကောင် မွေးထားတာဟာလည်း မိသားစု စိမ်းစိမ်းစိုစိုတွေမှာ လိုအပ်လှတယ်လို့ ဖေဖေကတော့ ထင်နေမိတာပါပဲ သားရယ်။

□

mgyoe.com

mgyoe.com 

## ပုံရိပ်တွေနဲ့ အိမ်ကလေး

### (တစ်)

သားရေ ...


လွန်ခဲ့တဲ့ တစ်လလောက်တုန်းက ဖေဖေနဲ့ ညီအစ်ကိုလို ခင်နေတဲ့ လူတစ်ယောက် ဖေဖေတို့အိမ်ကိုရောက်လာတာ သား မှတ်မိဦးမယ်ထင်တယ်။ သူက ဖေဖေ့အောက်ကို ၁၀ နှစ်လောက် ငယ်မယ်လို့ ဖေဖေခန့်မှန်းတာပါပဲ။ အပြင်မှာ စာကလေးဘာလေး သင်ရင်းနဲ့ N.G.O တစ်ခုမှာ အလုပ်လုပ်နေတဲ့ သူပေါ့။ ရည်ရည်မွန်မွန်နဲ့ ခေတ်ပညာတတ် လူငယ်တစ်ယောက်ပါပဲလေ။

သူက အဲသည့်နေ့က ညည်းတယ်သားရဲ့။ လူငယ်တွေနဲ့ပတ်သက် နေရတဲ့ လူတစ်ယောက်ဆိုတော့ လူငယ်တွေနဲ့ဆိုင်တာကိုပဲ ညည်းတာပေါ့လေ။ သူက ပိတောက်ပွင့်သစ်မဂ္ဂဇင်းကို လစဉ်ဝယ်ဖတ်တဲ့သူပါတဲ့။ တစ်လမှာ မဂ္ဂဇင်းမျက်နှာဖုံးက သခင်ကိုယ်တော်မှိုင်းပုံကို တင်ထားတာ အရမ်းလှတာပဲတဲ့။ ဒါနဲ့ screen ဖတ်ပြီး သူ့ Laptop ကွန်ပျူတာရဲ့ window မှာ တင်ထားလိုက် ပါသတဲ့။

စိတ်ကူးကောင်းလိုက်တာ။ ဟုတ်တယ်၊ ပန်းချီကိုဝသုန်ရဲ့လက်ရာက တော်တော့်ကို ကောင်းတာ။ မြန်မာဆန်တဲ့ ပုံရိပ်တွေနဲ့ မေတ္တာကရုဏာ ကြီးမားတဲ့ မျက်လုံးတွေဟာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ပုံထဲမှာ အထင်းသားပဲ။ သူ့ Laptop ကွန်ပျူတာကလေးကို ဘယ်အချိန် ဖွင့်လိုက်၊ ဖွင့်လိုက်၊ သည်ပုံရိပ်ကြီးက ပထမဦးဆုံး Window မှာ တက်လာမြဲပဲ။

ဒါပေမဲ့ဟဲ့ သူ စိတ်ညစ်မိသွားမိတာတစ်ခုက သည်ပုံကို ပထမဆုံး အကြိမ်တွေ့တဲ့ လူငယ်တိုင်း၊ လူငယ်တိုင်းက သူ့ကို ဒါဆရာ့အဘိုးပုံလား၊

mgyoe.com


ကြယ်သာညပါ
မှုံပြေတွေနဲ့ အိပ်မက်ပလား

mgyoe.com

ဆရာ့အဘိုးက ကျက်သရေရှိလိုက်တာနော်နဲ့ ပြောလာတာကိုပါပဲတဲ့။ သူ့အနေနဲ့ ဒါဟာ သခင်ကိုယ်တော်မှိုင်းဖြစ်ကြောင်း၊ အစချီကာ ရှင်းရှင်းပြရတာကို ဝန်မလေးပေမဲ့ သည်လိုဖြစ်နေတဲ့ အခြေအနေမျိုးကို ရင်ထဲမှာ ဘဝင်မကျနိုင်တဲ့အကြောင်း ဖေဖေ့ကို ပြောပြနေခဲ့တာပါ။

ဖေဖေကတော့ ရယ်မောနေရုံကလွဲပြီး သူ့စကားကို မအံ့သြမိပါဘူး သားရယ်။ ဘာကြောင့်လဲဆိုတော့ ဖေဖေ ဒုတိယနှစ် ကျောင်းသားဘဝတုန်းက ဖေဖေတို့အိမ်ကို လိုက်လာတဲ့ တက္ကသိုလ်ကျောင်းသား သူငယ်ချင်းကလည်း အိမ်နံရံမှာ ချိတ်ဆွဲထားတဲ့ သခင်ကိုယ်တော်မှိုင်းဓာတ်ပုံကိုကြည့်ကာ သည်အတိုင်းပဲ မေးခဲ့ဖူးသေးတာကိုး။ ဒါ မင်းအဘိုးပုံလားတဲ့။

(နှစ်)

သား မှတ်မိဦးမလား မသိဘူး။

တစ်ခါတုန်းက ဖေဖေတို့မိသားစု ရွှေတိဂုံဘုရားကို တက်ဖူးခဲ့ကြတာလေ။ ဘုရားပေါ်က ဆင်းတော့၊ တက်ခဲ့ကြတဲ့ အရှေ့ဘက်မုခ်ကို ပြန်မလှည့်တော့ဘဲ တောင်ဘက်မုခ်ကနေဆင်းဖို့ ဖေဖေ ရွေးချယ်လိုက်မိတယ်။ အဲသည့်ဘက်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၊ သီပေါရဲ့ မဟေသီ စုဖုရားလတ်၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဇနီး ဒေါ်ခင်ကြည်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့ရဲ့ ဂူဗိမာန်တွေရှိတယ်လေ။ ဖေဖေက အဲသည့် ဂူဗိမာန်တွေကို ပြပြီး သားတို့ကို သူတို့အကြောင်းတွေ ပြောပြချင်တာပါ။

မှတ်မိသေးတယ်။ ဖေဖေငယ်ငယ်တုန်းက စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ပြီဆိုတာနဲ့ လူကြီးတွေက ဗိုလ်ချုပ်ပြတိုက်ကို ခေါ်သွားတယ်။ ဗိုလ်ချုပ်ကြေးရုပ်ကို ခေါ်သွားတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဂူဗိမာန်ကို ခေါ်သွားတယ်။ သမိုင်းပုံရိပ်တွေဟာ ဖေဖေတို့ ငယ်ဘဝတွေနဲ့ မစိမ်းလှဘူးသားရဲ့။ အထင်ကရနေရာတွေ။ အထူးသဖြင့် အရုပ်တွေဟာ ဖေဖေတို့ကို ပြုပြင်ပြောင်းလဲတဲ့ နေရာမှာ ကြီးစွာသော အထောက်အပံ့လို့ ဖေဖေက ယုံမိတယ်။

ဥပမာ–ဗိုလ်ချုပ်ကြေးရုပ်၊ လန်ဒန်မြို့ အနုပညာသိပ္ပံကျောင်းအုပ်ဆရာကြီး မစ္စတာကော့ပ်နောလ်ရဲ့ လက်ရာတဲ့။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဓာတ်ပုံကို ကြည့်လုပ်တာတဲ့ သားရဲ့။ ရွှံ့ရုပ်ကို အရင်လုပ်ပြီးမှ ကြေးရုပ်သွန်းတာဆိုလား။ ကုန်တော်ကြီးစောင်းမှာ အခုရှိနေတဲ့၊ ရှစ်ပေနဲ့ လေးလက်မ မြင့်တဲ့ အရုပ်ကြီးဟာ သိပ်အသက်ဝင်တာပဲ။ ခါးကလေးကို ကိုင်းညွတ်ထားပုံ၊ လက်

mgyoe.com

တစ်ဖက်ကို အနောက်မှာထားပြီး တစ်ဖက်ကလက်ကို အရှေ့ဆီ ဆန့်တန်းလို့ အမှာစကားပြောနေပုံတွေကို ကျောင်းသားအရွယ် ကလေးဘဝကတည်းက မော့ကြည့်ခဲ့ရတာပေါ့။ သည်အရုပ်အတွက် ဉာဏ်ပူဇော်ခငွေ စတာလင်ပေါင် ၂၀၀၀ ပေးခဲ့ရသတဲ့။ သမ္မတကြီး ဒေါက်တာဘဦးက ၁၉၅၅ ဖေဖော်ဝါရီ ၁၃ မနက် ၇ နာရီ ၅၅ မှာ ဖွင့်ပေးခဲ့တာတဲ့။ ကြေးရုပ်အောက်ခံခုံက စာသားတွေကိုတော့ ဝန်ကြီး ဦးထွန်းဝင်းတို့၊ ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့၊ ဦးသန့်တို့၊ ဗိုလ်မှူးဘရှင်တို့က ရေးသားခဲ့ကြတာလို့ ဖေဖေ မှတ်သားခဲ့ဖူးတယ် သားရဲ့။ ဗိုလ်ချုပ်ကြေးရုပ်ကို မြင်တဲ့အခါ ဗိုလ်ချုပ်ရဲ့ ရိုးသားမှု၊ ဖြောင့်မတ်မှု၊ စွန့်လွှတ်မှု၊ အနစ်နာခံမှု၊ ကိုယ်ကျိုးမရှာမှုတွေကို အားကျစိတ် ဖြစ်ပေါ်လာမိတာ အမှန်ပါပဲလေ။

မနော်ဖြူမြို့မှာရှိတဲ့ မဟာဗန္ဓုလ ကြေးရုပ်ကိုရော သား သဘောမကျဘူးလား။ ရှေ့ခြေနှစ်ဖက်စလုံးကို မြှောက်ထားတဲ့ မြင်းပေါ်က စစ်သူကြီး မဟာဗန္ဓုလ၊ ဘကြီးတော်ဘုရားရဲ့ တပ်မတော်ထဲက စစ်သူကြီး မဟာဗန္ဓုလ၊ အင်္ဂလိပ်ကို ရင်ဆိုင်ခဲ့တဲ့ စစ်သူကြီး မဟာဗန္ဓုလ၊ တိုက်ပွဲမှာ ကျဆုံးခဲ့တာမို့ ရှေ့ခြေနှစ်ဖက်ကို မြှောက်ထားတာတဲ့ သားရဲ့။ ပြည်ရွှေဆံတော်ဘုရားနားက ဗိုလ်ချုပ်မြင်းစီးရုပ်ကိုရော သားမကြိုက်ဘူးလား။ ဖေဖေကတော့ ပြည်ရောက်တိုင်း သွားသွားကြည့်မိတယ်။ ပန်းပုဆရာကြီး ဦးဟန်တင်ရဲ့ ပလာစတာလက်ရာတဲ့ သားရဲ့။ သိပ် လက်ရာမြောက်တာပဲ။ မြင်းရဲ့ ရှေ့ခြေတစ်ဖက်ကြွထားတာကတော့ အလုပ်ကြွခံရခြင်းရဲ့ သင်္ကေတပေါ့။ မန္တလေးဘူတာကြီးနဲ့ မလှမ်းမကမ်း မီးရထားစာကြည့်တိုက်ရှေ့က ဆရာကြီး ရွှေဥဒေါင်းကိုယ်တစ်ပိုင်းရုပ်တုကိုရော၊ ဖေဖေ သိပ်သဘောကျတာပဲ။ စုံထောက်ကြီး ဦးစံရှားတို့၊ ဘဝတစ်သက်တာမှတ်တမ်းတို့၊ ရတနာသိုက်တို့ရဲ့ လက်ရာရှင်၊ ခွန်အားရှိသော စကားပြေနဲ့ ညက်ညောတဲ့ ဘာသာပြန်ဆရာကြီးရဲ့ ရုပ်တုကိုကြည့်ရင်း ဖေဖေ အားကျလိုက်တာ။

သည်လိုပါပဲ သားရယ်၊ ဟင်္သာတခရိုင် နိဗ္ဗာန်ရွာက အမျိုးသားပညာဝန် ဦးဖိုးကျားရဲ့ရုပ်တု၊ ဖျာပုံမြို့က ဆရာဇော်ဂျီရဲ့ ရုပ်တု၊ မန္တလေးက ရွာစားကြီး စိန်ဗေဒါ၊ နန်းတော်ရှေ့ဆရာတင်၊ ဒေါ်စောမြအေးကြည်တို့ရဲ့ ရုပ်တုတွေဟာ ဖေဖေတို့ရဲ့ အားကျစိတ်၊ အတုယူစိတ်တွေကို တွန်းအားပေးနိုင်တာကတော့ အမှန်ပဲလို့ ဖေဖေ ထင်မိတယ်။

mgyoe.com

(သုံး)

ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်တို့ နှစ်ယောက်ပေါင်းရေးတဲ့ ခရီးသည်ဆိုတဲ့စာအုပ်ကို ဖေဖေ ဖတ်ဖူးတယ်သားရဲ့။ အဲသည့်စာအုပ်ထဲမှာ ဆရာဇော်ဂျီက မြေထဲပင်လယ်အဝင် ပို့ဆက်မြို့ထိပ်မှာ ပြင်သစ်လူမျိုး ဖာဒီနင်ဒီလက်ဆင်ရဲ့ ရုပ်တုကိုထားရှိပုံ၊ ကမ္ဘာကျော် စူးအက်တူးမြောင်းကို ဖောက်ခဲ့သူဖြစ်လို့ အမှတ်တရ ရုပ်တုပြုလုပ်ထားခြင်းဖြစ်ပုံတွေကို ရေးထားတယ်သားရဲ့။ ဒါ့အပြင် ပြင်သစ်နိုင်ငံ မာဆေးမြို့ကို ရောက်တဲ့အခါ တစ်မြို့လုံး ကျောက်ရုပ်တွေ ထုထားတာကို တွေ့ပုံ၊ လန်ဒန်မြို့ကို ရောက်သွားတဲ့အခါမှာလည်း လမ်းဆုံလမ်းခွတိုင်းမှာ၊ ကမ်းနားမှာ၊ အဆောက်အအုံတွေထဲမှာ ထားရှိတဲ့ ရုပ်တုတွေက မျက်စိနှင့် မလွတ်အောင်ရှိပုံတွေကိုလည်း ဆရာဇော်ဂျီက ထည့်ရေးထားခဲ့သေးတယ် သားရဲ့။ ဖေဖေ စွဲသွားတာက ခရီးသွားမှတ်တမ်းရေးသူ ဆရာဇော်ဂျီရဲ့ သုံးသပ်ချက်ပါ။

'ရှုမြင်သူတို့၏ စိတ်ဓာတ်ကိုကား မပြုပြင်ဘဲ နေမည်မဟုတ်။ ပြုပြင်ပေးလျက်နေမည်ကား မလွဲတည်း။ အနည်းဆုံး လူငယ်လူရွယ်တို့၏ စိတ်ဓာတ်ကို ပြုပြင်ပေးမည်ကား မလွဲတည်း' တဲ့။

ဟုတ်တယ်။ Hero (သူရဲကောင်း)လို့ပဲခေါ်ခေါ်၊ Ideal Character (စံဇာတ်ရုပ်)လို့ပဲဆိုဆို၊ Role Model (စံပုဂ္ဂိုလ်) လို့ပဲပြောပြော၊ Self Image (အတ္တပုံရိပ်)လို့ပဲ သတ်မှတ်သတ်မှတ်၊ Ego Ideal (အတ္တစံပြ)လို့ပဲ အမည်ပေးပေး သားတို့ဟာ တစ်ယောက်ယောက်ကို အားကျဖို့တော့ လိုမယ်ထင်တယ်လေ။ ရှိတ်စပီးယားဖြစ်နိုင်သလို၊ ဒေးဗစ်ဘက်ခမ်းလည်း ဖြစ်နိုင်တာပေါ့။ တိုက်ဂါးဝုဒ်ဖြစ်နိုင်သလို၊ ဘီလ်ဂိတ်လည်း ဖြစ်နိုင်တာပေါ့။ ချေဗွေဗားရားဖြစ်နိုင်သလို၊ ရော်ဘင်ဟုဒ်လည်း ဖြစ်နိုင်တာပေါ့။ စွမ်းသော၊ လူကောင်းသော၊ လူချွန်သော၊ လူမွန်သော၊ လူတွေရဲ့ ဓာတ်ပုံတွေ၊ ပန်းချီကားတွေ၊ ရုပ်တုတွေနဲ့ သားတို့လို လူငယ်တွေနဲ့ ရင်းနှီးအောင် ဖေဖေတို့က လုပ်ပေးသင့်တယ်လို့ ထင်မိတာပဲ။

(လေး)

ဟိုတစ်လောကလေးက ဖေဖေ ရှမ်းတောင်တန်းတွေပေါ် ရောက်သွားတော့ ဆရာဒဂုန်တာရာရဲ့ အောင်ပန်းကို ခဏဝင်ဖြစ်သေးတယ်။ ဆရာ့စာအုပ်

mgyoe.com

mgyoe.com
စင်ပေါ်မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပန်းပုရုပ်ကလေး။ သိပ်ကို ကျက်သရေရှိတာပဲ။

တောင်ငူမြို့က သံချပ်ဆရာကြီးတစ်ယောက်ကကျတော့ ဆိုကရေးတီးစ်၊ ပိုက်သာဂိုရပ်စ် စတဲ့ သချာ်ပညာရှင်ကြီးတွေရဲ့ ပုံတူပန်းချီကားကြီးတွေကို အိမ်အပေါ်ထပ်တစ်ခုလုံးမှာချိတ်လို့။

ဖေဖေ့မိတ်ဆွေ ဆရာဝန်ကလေးတစ်ယောက်ကကျတော့ တစ်မျိုး၊ သူ့အခန်းတစ်ခုလုံး ပလတ်စတစ်လောင်းပြီး ကပ်ထားတဲ့ ဓာတ်ပုံတွေက အပြည့်၊ မဟတ္တမဂန္ဓီလည်းပါရဲ့၊ မော်စီတုန်းလည်း ပါရဲ့၊ ကလင်တန်လည်း ပါရဲ့၊ နယ်လ်ဆင်မင်ဒဲလ်လားလည်းပါရဲ့။ မာဂရက်သက်ချာလည်းပါရဲ့။ ဒလိုင်းလားမား၊ ချေဂွေဗားရား၊ ဟိုချီမင်း၊ မာသာထရီဆာ၊ ငုယင်ဗန်ထရိုင်း၊ ဂျော့ဝါရှင်တန်၊ လင်ကွန်း၊ ဂေါ်ဘာချော့၊ ကိုရာဇန်အကွီနို၊ အင်ဒီရာဂန္ဒီ အများကြီးမှ အများကြီးပါပဲသားရယ်။

မနုနုရည်(အင်းဝ)က ကျတော့ ဧည့်ခန်းထဲမှာ ဗန်းမော်တင်အောင် ပန်းချီကားကြီးကို ချိတ်လို့။

သားကရော ဖေဖေတို့အိမ်ကလေး အဓိပ္ပာယ်ရှိသွားအောင်၊ အသက်ဝင်လာအောင်၊ စိမ်းစိုသွားအောင်၊ ဘယ်သူ့ရုပ်ပုံပါတဲ့ ပန်းချီကားချပ်၊ ဓာတ်ပုံ၊ ရုပ်တုတစ်ခုခုကို ထားရှိချင်သလဲ။ ဒါကတော့ သားအကြိုက်၊ သားကိစ္စ၊ သားရဲ့ရွေးချယ်မှု၊ ဖေဖေနဲ့တော့ မတူနိုင်ဘူးပေါ့။ ဘာပဲဖြစ်ဖြစ်ပေါ့ သားရယ်၊ ဖေဖေက သားကို ဖြစ်စေချင်တာက တစ်ခုပါပဲ။

ပုံရိပ်တွေကို အမှုမဲ့၊ အမှတ်မဲ့ မနေဖို့၊ မြတ်နိုးတန်တာ မြတ်နိုးဖို့၊ လေးစားတန်တာ လေးစားဖို့၊ အားကျတန်တာ အားကျဖို့၊ ဒါလေးတစ်ခု ပါပဲ သားရယ်။

□

mgyoe.com

mgyoe.com

## စာအုပ်တွေနဲ့ အိမ်ကလေး


### (တစ်)

သားရေ ...

မနှစ်က စာပေဟောပြောပွဲ ခရီးစဉ်တစ်ခုမှာ ဆရာဖေမြင့်နဲ့အတူ ဖေဖေ ခရီးသွားဖြစ်ခဲ့သေးတယ် သားရဲ့။ ဆရာဖေမြင့်နဲ့အတူ ဖေဖေ စင်ပေါ် တက်ခဲ့တဲ့ပွဲတွေဟာ မနည်းတော့ပါဘူးကွာ၊ အဲသည့်တစ်ခေါက်မှာတော့ ခရီးသွားရင်းနဲ့ ဖေဖေတို့တစ်တွေ စာကြည့်တိုက်ကြီးတွေအကြောင်း ပြောဖြစ်ခဲ့ကြတဲ့အခါ နိုင်ငံရပ်ခြား အတွေ့အကြုံရှိသူ ဆရာဖေမြင့်က စင်ကာပူနိုင်ငံက စာကြည့်တိုက်ကြီးတွေအကြောင်း ပြောလာတော့ ဖေဖေတို့တွေ ပါးစပ် အဟောင်းသားပေါ့။ စာကြည့်တိုက်ကြီးတွေက အထပ်တွေ အများကြီးတဲ့ သားရဲ့။ စာအုပ်ကို ညအချိန်မှာပါ ပြန်အပ်လို့ရအောင် စီစဉ်ထားတာတဲ့။ ဖေဖေတို့ဆီက စာထည့်တဲ့ စာတိုက်ပုံကြီးတွေလို နေမှာပေါ့။ အပေါက်ထဲ အသာကလေး ထိုးထည့်လိုက်ရုံ။ စာဖတ်တဲ့အခန်းတွေ အထပ်တွေကလည်း သူ့နေရာနဲ့သူ။ Zero to Five ဆိုတဲ့ အခန်းတောင် ရှိသတဲ့။ ဖေဖေက အဲဒါကို အံ့သြသဘောကျသွားမိတာပါ။

'အသက် သုညကနေ ငါးနှစ်အထိဆိုတာက တစ်ထပ်ဗျ။ တချို့ စာတောင် မှ မဖတ်တတ်ကြသေးဘူး။ အရုပ်များများနဲ့ စာအုပ်အမျိုးမျိုး ချထားပေးတာ ပေါ့။ ကြည့်တဲ့ကလေးကကြည့်၊ ဆွဲဖြဲတဲ့ကလေးက ဆွဲဖြဲ၊ စာရွက်အလွတ်တွေ အလွတ်တွေကလည်း အများကြီးချထားပေးတာဆိုတော့ ပုံဆွဲကြ၊ ခဲတံတွေ၊ ဘောလ်ပင်တွေနဲ့ လျှောက်ခြစ်ကြ၊ ထင်ရာလုပ်နေကြတာ ဘာပြဿနာမှ မရှိဘူး။ နောက်မှ ဝန်ထမ်းတွေက ပြန်သိမ်း။

mgyoe.com


mgyoe.com
mgyoe.com

mgyoe.com

ဆရာဖေမြင့် ပြန်ပြောနေတဲ့ အတွေ့အကြုံတွေဟာ သိပ်ကို တန်ဖိုးရှိတာပဲ။ ကလေးတွေက စာမဖတ်တတ်ခင်ကတည်းက စာအုပ်တွေနဲ့ ရင်းနှီးအောင်၊ စာအုပ်တွေကို ချစ်အောင်၊ စာအုပ်တွေရှိရာကို လာချင်အောင်၊ ပျိုးထောင်နေတာဟာ သူတို့အနာဂတ်ကို ပျိုးထောင်နေတာပဲပေါ့။

မကြာသေးခင်က နှစ်တွေထဲမှာတုန်းက ဆီဒိုးနားဟိုတယ်မှာ ကျင်းပသွားတဲ့ မူလတန်းနဲ့ မူလတန်းအကြို စာကြည့်တိုက်သေတ္တာပေးအပ်ပွဲအခမ်းအနားမှာ တာဝန်ရှိသူတွေက စာမဖတ်တတ်ခင်ကတည်းက ကလေးကို အသံကျယ်ကျယ်နဲ့စာဖတ်ပြဖို့၊ ကလေးကို စာရွက်တွေပေါ်မှာရေးခြစ်ခိုင်းဖို့ တိုက်တွန်းထားပြီး အဲသည့်ကလေးဟာ တခြားကလေးထက် စာပေချစ်စိတ် ရှစ်ဆပိုတယ်လို့ သုံးသပ်ပြထားပုံဟာ ဖေဖေတို့တွေ အလေးအနက်သတိထားရမယ့်အချက်လို့ ဖေဖေထင်မိတယ်။ ကမ္ဘာကျော်ဘောလုံးသမားဒေးဗစ်ဘက်ခမ်းတစ်ယောက် သူ့သားတွေကို ပုံပြင်တွေ၊ ကာတွန်းတွေ ဖတ်ဖတ်ပြနေတယ်ဆိုတာ ဒါကြောင့်ပဲဖြစ်မှာပေါ့ သားရဲ့။

(နှစ်)

သားတော့ မှတ်မိဦးမလားမသိဘူး။

တစ်ခါက ဖေဖေတို့အိမ်ကို ဆရာမဟောင်းတစ်ယောက် အလည်လာဖူးတယ်လေ။ သူက မြောက်မြားလှတဲ့ ဖေဖေတို့အိမ်က စာအုပ်တွေကိုကြည့်ရင်း အခန်းထောင့်က ရွှေသွေးဂျာနယ်အထပ်လိုက်ကြီးကိုတွေ့တဲ့အခါ အံ့သြသွားပုံနဲ့၊ အမှိုက်ရှုပ်လို့ဟယ်လို့ ပြောလိုက်တာကို ဖေဖေအမှတ်ရနေမိတယ်။ ကလေးတွေအတွက် ရွှေသွေးဂျာနယ်ဝယ်ပေးနေတာကို သူက အမှိုက်လို့ထင်နေတယ်လေ။

သားမမ ငယ်ငယ်တုန်းက ရွှေသွေး၊ နောက် တေဇ၊ နောက် မိုးသောက်ပန်း၊ နောက် ရတနာပန်းခင်း၊ နောက် Junior Leader အဆင့်ဆင့် ဝယ်ပေးလာရာက အခုတော့ ရွှေဥဒေါင်းတွေရော၊ မြသန်းတင့်တွေရော၊ နေဝင်းမြင့်တွေ၊ ဂျူးတွေ၊ မောင်ထွန်းသူတွေ၊ Reader Digest တွေ အငမ်းမရ ဖတ်လာခဲ့တာ မဟုတ်လား။ ကျောင်းသင်ခန်းစာ စာအုပ်တွေဖတ်ရင် ဘာစာအုပ်မှ ဖတ်စရာမလိုတော့ဘူးလို့ ထင်နေတဲ့လူတွေထဲမှာ သည်ဆရာမဟောင်းလိုလူတွေ ပါတာပေါ့။

ဟိုးတစ်ခါတုန်းက ဆယ်တန်းကျောင်းသူ ကလေးတစ်ယောက်ကို

mgyoe.com

mgyoe.com
ဖေဖေက ကျွန်မအကြိုက်ဆုံးဂျာနယ် ဆိုတဲ့ ခေါင်းစဉ်နဲ့ စာစီစာကုံးတစ်ပုဒ် ရေးခိုင်းဖူးတယ် သားရဲ့။ သူ မရေးတတ်ဘူး။ ကျွန်မအကြိုက်ဆုံးစာအုပ်၊ မမေ့နိုင်သော ခရီးတစ်ခေါက် သူ ဘာကိုမှ မရေးနိုင်ဘူး။ သူတို့အိမ်မှာက ကျောင်းစာအုပ်ကလွဲရင် ဘာစာအုပ်မှလည်း မရှိဘူး။

## (သုံး)

သားရေ ...။

ဖေဖေ့မိတ်ဆွေထဲမှာ စာရေးဆရာတွေရော၊ စာရေးဆရာမဟုတ်သူတွေရော အများကြီးသားရဲ့။ တော်တော်များများရဲ့ အိမ်တွေမှာ စာအုပ်တွေနဲ့။

ကျောင်းပိတ်ရက်တစ်ရက် မိတ်ဆွေအိမ်တစ်အိမ်ကို ဖေဖေအလည်သွားတဲ့အခါ သားအငယ်က ဆရာကြီးဖေယျာမောင်ရဲ့ မဟာဗုဒ္ဓဝင်အကျဉ်းချုပ်ကို ဖတ်လို့၊ သမီးကြီးက ရွှေဥဒေါင်းရဲ့ ဘဝတစ်သက်တာမှတ်တမ်းကိုဖတ်လို့၊ အမေဖြစ်သူက ဆရာမြသန်းတင့်ဘာသာပြန်တဲ့ မိန်းမကို ဖတ်လို့။ ဖခင်ဖြစ်သူ ဖေဖေ့မိတ်ဆွေကတော့ ဆရာမောင်ပေါ်ထွန်းရဲ့ ဘာသာပြန်လက်ရာ သန်းခေါင်ယံလွတ်လပ်ရေးကြီးနဲ့ ငြိမ့်နေတာပဲ။

ဩော် စာအုပ်တွေနဲ့ မိသားစု။

Reading make a fullman,

Conference a ready man,

Writing an exact man.

စာဖတ်ခြင်းက လူကို ပြည့်ဝစေတယ်။ ဆွေးနွေးခြင်းက အသင့်ဖြစ်စေတယ်။ ရေးသားခြင်းက တိကျပြတ်သားစေတယ်ဆိုတဲ့ စကားကို ဖေဖေ အမှတ်ရမိတယ်။

Reading is the foundation of all learning.

စာဖတ်တာဟာ အားလုံးသော သင်ယူလေ့လာမှုများရဲ့ အခြေခံပါပဲ ဆိုတဲ့ အမေရိကန်သမ္မတဘုရှ်ရဲ့စကားကိုလည်း ဖေဖေ သိပ်ကြိုက်တယ်။

စာအုပ်တွေကြားက ဖေဖေ့မိတ်ဆွေရဲ့ မိသားစုကလေးကိုကြည့်ရတာ အေးချမ်း၊ အကုသိုလ်ကင်းစင်ပြီး လင်းပွင့်လို့၊ လုံခြုံလို့၊ သေချာရေရာလို့ ကျေနပ်စရာကောင်းလိုက်တာ။

mgyoe.com

mgyoe.com

(လေး)

အခုတော့ Kid Zone တွေရော၊ ပုတက်တွေရော၊ ရွှေသွေးတွေရော၊ ပုံပြင်တွေရော၊ ဟယ်ရီပေါ်တာတွေရောနဲ့ သားကို ဖတ်ခိုင်း၊ ဖတ်ပြ လုပ်နေတာဟာ ဖေဖေက သားကို စာအုပ်ချစ်သူဖြစ်လာအောင် လုပ်နေတာပါပဲ။ စာအုပ်မရှိတဲ့ အိမ်တွေ မိသားစုတွေဟာ သွေ့ခြောက်လွန်းလှပါတယ် သားရယ်။

□

mgyoe.com

mgyoe.com

## နှီးဒေါင်းလန်းတွေနဲ့ အိမ်ကလေး

### (တစ်)

သားရေ...

ဟိုနေ့က ဖေဖေတို့မိသားစုတွေ အိမ်မှာ စုံစုံညီညီရှိကြတုန်း မနက်စာစားဖို့ ထမင်းဝိုင်းပြင်ပြီးလို့ စားဖို့ ထိုင်လိုက်ကြတဲ့အခါ၊ သားမေမေက စားနှင့် စားနှင့် အဝတ်ကလေး လေးငါးထည်လျှော်လိုက်ချင်လို့၊ ပြီးမှ စားတော့မယ်တဲ့။ ဖေဖေ့စိတ်ထဲ ဘယ်လိုမှ အလိုမကျနိုင်ခဲ့ဘူး။ ဒါနဲ့ နောက်မှလျှော်၊ အကုန်လုံး စားဖို့စောင့်နေတာလို့ ပြောလိုက်မိပါရော။ ဒါ့ကြောင့်မို့ သားမေမေ ထမင်းဝိုင်းထဲသို့ ရောက်လာခဲ့တာ မဟုတ်လား။

ဖေဖေတို့ ထမင်းဝိုင်းက အကောင်းစား၊ အပျံစား၊ အညွန့်စား ထမင်းဝိုင်းတော့ဖြင့် မဟုတ်ပါဘူး သားရယ်။ အသားဟင်းလေးတစ်ခွက်၊ အသီးအရွက်ကြော်ကလေးတစ်ပွဲ၊ ဘူးသီးဟင်းခါး၊ ရှောက်သီးသုပ် ငါးပိတို့စရာ ထွေလီကာလီကလေး နည်းနည်းပါးပါးနဲ့ သာမန်ထမင်းဝိုင်းကလေး တစ်ခုပါပဲ။ ဒါပေမဲ့ ဟင်းကောင်းတာ မကောင်းတာ အသာထား၊ ဖေဖေကတော့ ထမင်းဝိုင်းဆိုရင် မိသားစု စုံစုံညီညီပဲ စားချင်မိတယ် သားရဲ့၊ ပေါ့တယ်၊ ငန်တယ်၊ ချဉ်တယ်၊ စပ်တယ်၊ တစ်ယောက်တစ်ပေါက် ဝေဖန်ရင်း ထမင်းထပ်ခူးလိုက်ကြ၊ ဟင်းချိုထခပ်လိုက်ကြ၊ လက်ချင်းဆုံလိုက်ကြ၊ နီးကပ်စုစည်းတဲ့အရသာ၊ အသိုက်အမြုံအရသာ၊ ဒိုးတူပေါင်ဖက်အရသာ အဲဒါတွေကို ဖေဖေ မြတ်နိုးတယ်။ အိမ်ကလေးတွေကို ပျော်စရာကောင်းအောင် လုပ်တဲ့အထဲမှာ မိသားစု ထမင်းဝိုင်းတွေလည်း ပါတယ်သားရဲ့။

mgyoe.com

mgyoe.com



mgyoe.com